
မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က

ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင်ရနိုင်ပါသည်။
ဖုန်း - ၅၄၁၈၆၀

http://www.thitsarparamisociety.com/




# သိရုံနှင့်နိဗ္ဗာန်မရနိုင်ပါ

(ကြက်မကြီးဥပမာ)

(၁၄.၁၂.၆၁)

၆၇

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာ(၄)ပါးတရားတော် အမှတ်စဉ် (၉) မှ
ထုတ်နှုတ်ပုံနှိပ်ပါသည်။

http://www.thitsarparamisociety.com/

THITSARPARAMI LIBRARY
Date ........................

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌
ဟောကြားတော်မူသော တရားတော်

# "သိရုံနှင့်နိဗ္ဗာန် မရနိုင်ပါ"

(ကြက်မကြီးဥပမာ)

(၁၄-၁၂-၆၁)

---

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
သစ္စာလေးပါးတရားတော် အမှတ်စဉ် (၉) မှ
ထုတ်နုတ် ပုံနှိပ်ပါသည်။

http://www.thitsarparamisociety.com/

မိုးကုတ်ဆရာတော်ဘုရားကြီး၏
ဝိပဿနာတရားစဉ် နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၏
မူပိုင်ဖြစ်သည်။

မည်သူမျှ ကူးယူ ထုတ်ဝေခြင်း မပြုရ။

စာမူခွင့်ပြုချက် အမှတ် ၁၃၂၅/၇၉
အကြိမ် - စတုတ္ထအကြိမ်
အုပ်ရေ - ၅၀၀၀

**ထုတ်ဝေသူ**

ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်၊
အမှတ် (၈၂)၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**

ဦးဉာဏ်အောင်စိုး (မြ-၀၅၃၆၉)
ကျားမင်းအော့ဖ်ဆက်၊ အမှတ်(၉၂)၊
ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား
(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်**

ကျားမင်း အမှတ်(၉၂)၊ကမ္ဘောဇလမ်း၊
ရွှေတောင်ကြား(၁)ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

☎ - ၂၄၆၅၀၈ - ၅၃၂၉၅၄

http://www.thitsarparamisociety.com/

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌
ဟောကြားတော်မူသော တရားတော်

# "သိရုံနှင့်နိဗ္ဗာန် မရနိုင်ပါ"

(ကြက်မကြီးဥပမာ)

(၁၄-၁၂-၆၁)

မဂ္ဂင်ဆိုတဲ့ဥစ္စာ ဒကာ ဒကာမတွေ မှတ်ထားရမယ်၊ မဂ္ဂင်ဆိုတာ အလယ်လမ်းဆိုရင်လဲ မဂ္ဂင်ပဲဟောတယ်လို့ မှတ်ထားကြပါ၊ အလယ်လမ်းဆိုရင်လဲ မဂ္ဂင်ပဲ၊ တစ်သံသရာလုံးဟာ အလယ်လမ်းပေါ် မရောက်ဖူးဘူးလို့ မှတ်ထားကြပါ၊ အလယ်လမ်းပေါ်ရောက်တဲ့ ပုဂ္ဂိုလ်ကလဲ ဘယ်တော့မှ မပြန်တော့ဘူးလို့ မှတ်။

ကောင်းပြီ၊ ဒါဖြင့် မဂ္ဂင်သည် ဘယ်နှစ်ပါးရှိသတုံးလို့ မေးတဲ့အခါကျတော့ ရှစ်ပါးရှိတယ်၊ အဲဒီမဂ္ဂင်မှာ အရေးကြီးတဲ့အချက်က သမာဓိအရေးကြီးတယ်၊ သမာဓိဆိုတာ ဘာတုံးဆိုတော့ ဧကဂ္ဂတာလို့ ခေါ်တယ်။

သမာဓိဆိုတာ ဘာခေါ်ကြသတုံး...။ (ဧကဂ္ဂတာပါ

http://www.thitsarparamisociety.com/


ဘုရား)၊ ဧကဂ္ဂတာလို့ ခေါ်တယ်၊ ဧက=တစ်ခုတည်းသော အာရုံကို ယူနိုင်ရမယ်၊ ဝိပဿနာအားထုတ်တဲ့ပုဂ္ဂိုလ်များမှာ တစ်ခုတည်းသောအာရုံကို ယူနိုင်ရမယ်လို့ သေသေချာချာ မှတ်ပါ...။ (မှန်ပါ့ဘုရား)။

**တစ်ခုတည်းသော အာရုံဆိုတာ**

တစ်ခုတည်းသော အာရုံဆိုတာ ဘာပါလိမ့်မလဲ... လို့ မေးတဲ့အခါကျတော့ ဝေဒနာဖြင့် ဝေဒနာတစ်ခု၊ စိတ်ဖြင့် စိတ်တစ်ခု၊ ရုပ်ဖြင့် ရုပ်တစ်ခု၊ တွဲပြီး မလာစေနဲ့၊ ခေါင်းဆောင်တစ်ခုကို ရှုပေးပါ၊ ခေါင်းဆောင်တစ်ခုဆီသို့ တည့်ထားပါ၊ အာရုံတစ်ခုတည်း တည့်ထားလို့ရှိရင်ဖြင့် ဒါ...ဧကဂ္ဂတာကျတယ် ခေါ်တာပဲ...။ (မှန်ပါ့)။

ဧကဂ္ဂတာဆိုတာ အာရုံတစ်ခုတည်းမှာ စူးစိုက်နေလို့ရှိရင် သမာဓိကို ဧကဂ္ဂတာ စေတသိက်လို့ခေါ်သည်...။ (မှန်ပါ့ဘုရား)။

အဲဒီ ဧကဂ္ဂတာဟာ...တဲ့၊ သူသည် တစ်ခုတည်းသော အာရုံကို စူးစူးစိုက်စိုက် ရှုနိုင်လို့ရှိရင်ဖြင့် ကိလေသာရန်သူကို သူ နိုင်တယ်လို့ ဆုံးဖြတ်ချက်ချပါ...။ (မှန်ပါ့)။

ကိလေသာရန်သူကို တစ်ခုတည်းသော အာရုံယူတဲ့ ပုဂ္ဂိုလ်ဟာ နိုင်တာပဲ။

http://www.thitsarparamisociety.com/


## သမာဓိနိမိတ်ဆိုတာ

နို့...သမာဓိဟာ...သမာဓိပရိက္ခရာ သမာဓိ၏အခြံအရံ၊ သမာဓိ၏နိမိတ်၊ သမာဓိတော့ဖြင့် ဧကဂ္ဂတာဆိုတာ ခမ္ဗဒိန္နာက ဖြေလို့ ဝိသာခက သိပါပြီ၊ သမာဓိနိမိတ်ဆိုတာ ဘာတုံး...လို့ သူက ဆက်မေးတယ်၊ သမာဓိနိမိတ်ဆိုတာ သတိပဋ္ဌာန်လေးပါး...။ (မှန်ပါ့)။

သမာဓိနိမိတ်ဆိုတာ ဘာပါလိမ့်...။ (သတိပဋ္ဌာန်လေးပါးပါဘုရား)၊ သတိပဋ္ဌာန်လေးပါးလို့ မှတ်ထားကြပါ...တဲ့၊ သတိပဋ္ဌာန်လေးပါးဆိုတာက ကာယာနုပဿနာသတိပဋ္ဌာန်၊ ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ သတိရှေးရှုရာကို သမာဓိက လိုက်ရတယ်လို့ မှတ်ပါ...။ (မှန်ပါ့)။

ဒါကြောင့် သတိပဋ္ဌာန်ဆိုတဲ့ဥစ္စာသည် သတိပဋ္ဌာန်လေးပါးရှိသည့်အနက်က ဝေဒနာကို သတိထားလို့ရှိရင် ဧကဂ္ဂတာက ဝေဒနာပေါ်ပဲ ကျရတယ်၊ ဝေဒနာပေါ်ကျလို့ရှိရင် ဝေဒနာ၏အကြောင်း ကောင်းကောင်းသိတယ်၊ စိတ်ရှုတဲ့ပုဂ္ဂိုလ်ဟာ စိတ်ပေါ်ကောင်းကောင်းကျလို့ရှိရင်၊ ဧကဂ္ဂတာကောင်းကောင်းကျလို့ရှိရင် သတိကလဲ သတိပဋ္ဌာန်ကလဲ အဲဒီအပေါ်မှာပဲ ရောက်တယ်၊ ဒါ့ကြောင့် ဧကဂ္ဂတာကို သတိပဋ္ဌာန်ခြံရံရမယ်လို့ဆိုတာ မှတ်ထားပါ...။သတိပဋ္ဌာန်ဘည်းဟူသော အကြောင်းမပါရင် ရကို မရဘူး။

http://www.thitsarparamisociety.com/


## သတိပဋ္ဌာန်၏ နိမိတ်ဆိုတာ

သတိပဋ္ဌာန်၏နိမိတ်ဟာ ဘာတုံးလို့ မေးလို့ရှိရင် ဒကာ ဒကာမတို့ မှတ်ထားပါ၊ ခန္ဓာပျောက်ပြီးသကာလ ဝေဒနာကလေးတွေတွေ၊ ရုပ်ကလေးတွေတွေ၊ အထည် ပျောက်ပြီးသကာလ တစ်ခုတည်းသောအာရုံဟာ ဒါ... သတိပဋ္ဌာန်၏နိမိတ်ပဲလို့ မှတ်ထားပါ...။ (မှန်ပါ့)။

ခန္ဓာပေါ်မှာ ယောကျ်ားသဏ္ဌာန်၊ မိန်းမသဏ္ဌာန် ပျောက်ပြီးသကာလ ဝေဒနာရှုတဲ့ပုဂ္ဂိုလ်ဟာ ဝေဒနာပေါ် ရောက်၊ စိတ်ရှုတဲ့ပုဂ္ဂိုလ်ဟာ စိတ်ပေါ်ရောက် ဒီလိုဆိုလို့ရှိရင် ဖြင့် ဒါ...သတိပဋ္ဌာန်၏နိမိတ်ဖြစ်တာပဲ...။ (မှန်ပါ့)။

သတိပဋ္ဌာန်သည် ခန္ဓာတစ်ကိုယ်လုံးပေါ်မှာ ယောကျ်ား သဏ္ဌာန်၊ မိန်းမသဏ္ဌာန်ပေါ်၌ မရောက်မူ၍ နိစ္စနိမိတ် ပျောက်ပြီးသကာလ အနိစ္စနိမိတ်ကို တွေ့လို့ရှိရင်လဲ ဒါ... သတိပဋ္ဌာန်ပဲဆိုတာ မှတ်ထားကြပါ...။ (မှန်ပါ့)။

နိမိတ်ဆိုတာ ဘာတုံးလို့မေးလို့ရှိရင် သတိပဋ္ဌာန်၏ တွေ့ရာအာရုံကို နိမိတ်လို့ ခေါ်သည်...။ (မှန်ပါ့)။

ဒါဖြင့် သမာဓိဘာတုံးဆိုတော့ ကေဂ္ဂတာ၊ သတိပဋ္ဌာန် ၏ နိမိတ်ဆိုတာ ဘာတုံး...ဆိုလို့ရှိရင် နိစ္စနိမိတ်ပျောက် ပြီးတော့ အနိစ္စနိမိတ်ထင်ဖို့ပါပဲ၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

http://www.thitsarparamisociety.com/


နိစ္စနိမိတ် ပျောက်ရမယ်၊ အနိစ္စနိမိတ် ဉာဏ်ထဲမှာ ထင်လာလို့ရှိရင် ဒါ...သတိပဋ္ဌာန်၏နိမိတ်လို့ ဦးသံဒိုင်တို့ မှတ်ရမယ်...။ (မှန်ပါ့)။

ဩော်...ဒါဖြင့် အနိစ္စနိမိတ် ထင်ကတည်းက ယောက်ျားသညာန်၊ မိန်းမသညာန်၊ အထည်သညာန်တွေ ဟာ အကုန်ပျောက်တာပဲ...။ (မှန်ပါ့)။

ဒါကြောင့် နိမိတ်ဆိုတာ ဘာတုံးဆိုတော့ သတိပဋ္ဌာန် လေးပါးလို့ ဓမ္မဒိန္နာက ဖြေလိုက်တယ်...။ (မှန်ပါ)၊ သူ ဖြေတာ သူတို့ဟာသူတို့ဖြစ်တာ အရေးမကြီးဘူး၊ ကိုယ်ရှုတဲ့ အခါ အတုခိုးဖို့ အရေးကြီးတယ်...။ (မှန်ပါ့)။

ကိုယ်ရှုတဲ့အခါကျလို့ရှိရင်ဖြင့် တစ်ခုတည်းသော အာရုံကို ရှုလိုက်တယ်၊ ဝေဒနာရှုလိုက်တယ်၊ နိစ္စနိမိတ် ပျောက်ပြီး အနိစ္စနိမိတ်ပေါ်လာလို့ရှိရင်ဖြင့် ဩော်...သတိ ပဋ္ဌာန်သည်ကားလို့ဆိုလို့ရှိရင် နိမိတ်ကို အာရုံပြုတယ် ဆိုတာ သေသေချာချာမှတ်ကြပါ...။ (မှန်ပါ့)။

နိစ္စနိမိတ်ပျောက်ရမယ်၊ အနိစ္စနိမိတ် ထင်ရမယ်၊ သဘောကျကြပလား...။ (ကျပါပြီဘုရား)။

ဘာပျောက်ရမတုံး...။ (နိစ္စနိမိတ်ပျောက်ရမယ်)၊ အနိစ္စနိမိတ်ထင်ရမယ်ဆိုတဲ့ဥစ္စာ သေသေချာချာမှတ်ပြီး အနိစ္စနိမိတ်ဟာ ဘယ့်နှယ်ကြောင့် ထင်ရမှာတုံး...ဆိုတော့ ကေဂ္ဂတာ ပို့တဲ့ဆီကိုသာ ခင်ဗျားတို့ သတိပဋ္ဌာန်က ကြည့်

http://www.thitsarparamisociety.com/

လိုက်လို့ရှိရင်၊ သတိထားပြီး ကြည့်လိုက်လို့ရှိရင်ဖြင့် နိစ္စနိမိတ် မရှိပါဘူး၊ ဖျတ်ဖျတ်–ဖျတ်ဖျတ်နဲ့ ဝေဒနာကလေးတွေ ပြောင်းလဲနေပုံ၊ စိတ်ကလေးတွေ ပြောင်းလဲနေပုံ၊ အဲဒီ အနိစ္စနိမိတ် တစ်ခါတည်း မြင်အောင်ကြည့်နိုင်ကြလို့ ရှိရင်ဖြင့်...တဲ့၊ ခင်ဗျားတို့ သတိပဋ္ဌာန်၏ နိမိတ်ဆိုတာ ပေါ်လာတာပဲ...။ (မှန်ပါ့)။

ဒါဖြင့် နိစ္စနိမိတ်ပျောက်ပြီး အနိစ္စနိမိတ် ထင်အောင် ကြည့်ကြပါ...။ (မှန်ပါ့)၊ ရှင်းပြီနော်...။ (ရှင်းပါပြီဘုရား)။

သတိပဋ္ဌာန်ကို ဒကာ ဒကာမတွေ ရှုတဲ့ အခါကျတော့ နိစ္စနိမိတ်ပျောက်ပြီး အနိစ္စနိမိတ်ပေါ်အောင်ဖြင့် ကြိုးစားပါ ဆိုတာ တိုက်တွန်းလိုက်တယ်...။ (မှန်ပါ့)။

ဒါဖြင့် မမြင်သေးဘူးဆိုလို့ရှိရင် သတိပဋ္ဌာန်ကို မရောက်သေးဘူးလို့မှတ်...။ (မှန်ပါ့)။

နိစ္စနိမိတ်ပျောက်ပြီးတော့...(အနိစ္စနိမိတ်ထင်အောင် ကြည့်ရပါမယ်)၊ အဲ...မြန်မာလိုပြန်တော့ ခိုင်မြဲတာပျောက် ပြီး မခိုင်မြဲတာ ရောက်မယ်...။ (မှန်ပါ့)။

ခိုင်မြဲတာပျောက်ပြီး...(မခိုင်မြဲတာရောက်ရပါမယ်)၊ အဲဒီတော့ ဓမ္မဒိန္နာကို ဝိသာခက မေးပြန်တယ်၊ ကဲ... ဒါဖြင့် ခိုင်မြဲတာပျောက်ပြီး မခိုင်မြဲတာ နိမိတ်တော့ ရောက်ပါပြီ၊ သူ တစ်ခုတည်းရောက်နိုင်သလားဆိုတော့

http://www.thitsarparamisociety.com/


အို…သတိပဋ္ဌာန်၏ အခြံအရံပါရသေးတယ် ဒကာကြီးလို့ ဖြေလိုက်တယ်…။ (မှန်ပါဘုရား)။

**သတိပဋ္ဌာန်၏ အခြံအရံဟာ ဝီရိယ**

သတိပဋ္ဌာန်၏ အခြံအရံဟာ ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ဝီရိယစိုက်ပေးပါ၊ သတိပဋ္ဌာန်၏အခြံ အရံဟာ ဝီရိယပဲ…။ (မှန်ပါ)၊ ရှင်းကြပလား…။ (ရှင်းပါပြီ ဘုရား)။

သတိပဋ္ဌာန်၏ အခြံအရံဟာ…(ဝီရိယပါဘုရား)၊ ဝီရိယစိုက်ပေးလိုက်လို့ရှိရင်ဖြင့်တဲ့၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ နိစ္စနိမိတ်ပျောက်ပြီး အနိစ္စနိမိတ်ကို ဝီရိယက တွန်းပေးလိုက်တဲ့အခါကျတော့ သတိပညာက တစ်ခါတည်း နိစ္စနိမိတ်ပျောက်ပြီး အနိစ္စတွေချည်း မြင်တော့တာပဲ…။ (မှန်ပါဘုရား)။

ဒါ သူကိုယ်တိုင်လုပ်လာတဲ့ အလုပ်စဉ်လို့ မှတ်လိုက်စမ်းပါ…။ (မှန်ပါ)၊ သူကိုယ်တိုင်လုပ်လာတဲ့ အလုပ်စဉ်၊ ရဟန္တာဖြစ်ပြီးမှ သူ့အလုပ်စဉ်ကို သူပြောတာလို့ ဦးသံဒိုင် မှတ်ရမယ်…။ (မှန်ပါဘုရား)။

ဒါဖြင့် သတိပဋ္ဌာန်နိမိတ်ကို သူ ဘယ်လိုကြောင့် အနိစ္စ နိမိတ် သတိပညာက ထင်နိုင်ပါသတုံးဆိုရင်ဖြင့် ဝီရိယက

http://www.thitsarparamisociety.com/


ကူညီပေးလို့ ထင်တယ်လို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါ့)၊ ဝီရိယက ကူညီပေးလို့နော်...။ (မှန်ပါ့)။

ဒါဖြင့် ဝီရိယနဲ့ ဧကဂ္ဂတာက သမာဓိမဂ္ဂင်ဖြစ်သွားပြီး သကာလ သတိပညာက ပညာမဂ္ဂင် ဖြစ်သွားတယ်လို့ မှတ်ရမယ်...။ (မှန်ပါ့)။

**ဖြစ်ပျက်မြင်ရင် တစ်ပိုင်နက်ဝင်တယ်**

ဒါတွေဟာ အခုပြောတော့သာ သတ္တိအမျိုးမျိုးပြော နေတယ်၊ ဖြစ်ပျက်မြင်လို့ရှိရင် တစ်ပိုင်နက် ဝင်တယ်လို့လဲ မှတ်လိုက်စမ်းပါဦး...။ (မှန်ပါ့ဘုရား)။

ဖြစ်ပြီး ပျက်တာတွေ မြင်လို့ရှိရင်...(တစ်ပိုင်နက် ဝင်ပါတယ်ဘုရား)၊ သမာဓိလဲ ပါပြီ၊ သတိပဋ္ဌာန်လဲပါပြီ၊ သမ္မပ္ပဓာန်လဲ ပါပြီ၊ သမ္မပ္ပဓာန်ဆိုတာ ဝီရိယ...။ (မှန်ပါ့)။

ကောင်းပြီ...ဒါဖြင့် ဒီလိုနဲ့ပဲ နိဗ္ဗာန်ရောက်နိုင်သလား လို့ ဆိုတဲ့အခါကျတော့ တစ်ခါ ဘာဝေတဗ္ဗ...တဲ့၊ ဒကာ ကြီး ပွားရသေးတယ်...။ (မှန်ပါ့)၊ အကြိမ်ကြိမ်ပွားရသေး တယ်...။ (မှန်ပါ့)၊ သဘောပါကြပလား...။ (ပါ,ပါပြီ ဘုရား)။

ဒါဖြင့် ဘာဝေတဗ္ဗကိစ္စကို ပွားရမယ်ဆိုတဲ့ဥစ္စာသည် ဘာဝေတဗ္ဗကိစ္စက ဘယ့်နှယ်ကြောင့် ပွားရတာတုံး...လို့ မေးတဲ့အခါကျတော့ ဒကာ ဒကာမတွေ မှတ်စရာက ပွားချင်

http://www.thitsarparamisociety.com/


လို့ ပွားရတာ မဟုတ်ဘူး...တဲ့၊ ကိလေသာ အညစ်အကြေး တွေဟာ ကြေးဖလားလိုပဲ၊ ပွတ်နိုင်မှ ပြောင်တယ်...။ (မှန်ပါ့ ဘုရား)။

## ကြေးဖလားလို ပွတ်နိုင်မှ ပြောင်မယ်

ကြေးဖလားလိုပဲ...(ပွတ်နိုင်မှ ပြောင်ပါတယ်ဘုရား)၊ အဲဒီတော့ သတိပဋ္ဌာန်အလုပ် ဒီလိုနဲ့ နိဗ္ဗာန်မရောက်နိုင် သေးဘူး ဒကာကြီး၊ ဘာဝေတဗ္ဗနဲ့ အဖန်ဖန်လဲ ပွားရသေး တယ်...တဲ့၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

ဘာလုပ်ရမလဲ...(ဘာဝေတဗ္ဗနဲ့ အဖန်ဖန်ပွားရပါ မယ်)၊ အဖန်ဖန်လဲ ပွားရဦးမယ်ဆိုတာ ဒကာ ဒကာမတွေ မှတ်ထားပါ...။ (မှန်ပါ့)။

## ကြေးဖလားဥပမာ

အဖန်ဖန်ပွားခြင်း၏ အဓိပ္ပာယ်က ခင်ဗျားတို့မှာ ဘယ်လိုဖြစ်နေသတုံးဆိုတော့ ရှင်သာရိပုတ္တရာက ဟောလိုက် တယ်၊ပန်းထိမ်သည်ကဖြစ်စေ၊ ဈေးထဲကဖြစ်စေ၊ ကြေးဖလား တစ်ခု ဝယ်လာတယ်တဲ့၊ အိမ်ရောက်တော့လဲ ဘာမှ အသုံး မချဘဲနဲ့ တစ်နေရာမှာ ထိုးထားလို့ရှိရင် ဒကာ ဒကာမတို့ နဂိုက ဝယ်လာတုန်းကလဲ ကြေးဖလားက အရိုင်း၊ နောက် အိမ်ကျပြန်တော့လဲ အသုံးမချဘဲနဲ့ တစ်နေရာရာ ထိုးထား

http://www.thitsarparamisociety.com/


လိုက်ပြန်တော့ ကြေးညှိတွေက ပိုတက်၊ ပိုတက်ပြီးသကာလ နေတော့ တကယ်သုံးတော့မယ်ဆိုတော့ နဂိုဝယ်တုန်းကလဲ တိုက်မထား…(မှန်ပါ)၊ နောက် ဒီနေရာထိုးထားပြန်တော့လဲ တစ်ခါ ကြေးညှိက ပြန်တက်ပြန်၊ ပြန်တက်တဲ့အခါ ဒီကြေးခွက်ကို ဒကာ ဒကာမတွေ သုံးစွဲတဲ့အခါ ဖြစ်နိုင်ပါ့မလား…။ (မဖြစ်နိုင်ပါဘုရား)၊ အညစ်အကြေးများတယ်…။ (မှန်ပါ)။

ထို့အတူပဲ…တဲ့၊ ကြေဖလားလိုပဲ ဒကာ ဒကာမတွေ နဂိုက ကိလေသာကလဲ ပင်ကိုက ဈေးဝယ်တဲ့အတိုင်း လူ့ဘဝ ရ,ကတည်းက ကိလေသာကို ဘယ်လိုရှင်းမယ်ဆိုတာလဲ မပါခဲ့ဘူး…။ (မှန်ပါ)၊ ဒီအတိုင်း ပစ်ထားသလိုပဲ၊ ဒီအတိုင်း ပစ်ထားတယ်။

ပစ်ထားတဲ့အတိုင်းမှာ သတိပဋ္ဌာန်အလုပ်တွေကို သတိပဋ္ဌာန် နိမိတ်လဲ မြင်အောင်မလုပ်၊ ကောဂ္ဂတာလဲ ကျအောင်မလုပ်၊ ဝီရိယလဲမစိုက်ဘူးဆိုလို့ရှိရင်ဖြင့်တဲ့၊ ခုနင်က ကြေးဖလားဟာ ဝယ်တာထက် ပိုပြီးသကာလ ဈေးပိုတက်လာတယ်…။ (မှန်ပါဘုရား)၊ ထားလိုက်တဲ့အတွက်ပေါ့လေ…။ (မှန်ပါ)။

အဲဒီတော့ ဒကာ ဒကာမတွေမှာလဲတဲ့၊ ခန္ဓာကိုယ်ရလာတဲ့အချိန်ကစပြီး ဒီအလုပ်မျိုးဆိုတာက ဆရာသမားလဲ တွေ့ဦးမှ၊ ထောင်တတ်တဲ့နားကလဲ ပါဦးမှ…(မှန်ပါ)၊ ဒီလိုမှ ပွားဖြစ်တော့ နဂိုကိုက ဝယ်လာကတည်းက၊ လူ့ဘဝ

http://www.thitsarparamisociety.com/


ရ,ကတည်းက တဏှာအမိ၊ အဝိဇ္ဇာ အဖနဲ့ ခင်ဗျားတို့က ကြီးလာတာ...။ (မှန်ပါ့ဘုရား)၊ ရှင်းကြပလား...။ (ရှင်းပါပြီဘုရား)။

တဏှာက...(အမိပါဘုရား)၊ အဝိဇ္ဇာက...(အဖပါဘုရား)၊ အဲ...သူတို့နှစ်ယောက်လက်ထဲမှာ ကြီးလာတာ...။ (မှန်ပါ့)။

သူတို့နှစ်ယောက်ကလဲ မှတ်လိုက်စမ်းပါ၊ မဂ်ဖိုလ်ရောက်မှာ အလွန်စိုးရိမ်တယ်...။ (မှန်ပါ့)၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရဖို့ သူ့တို့လက်တွင်းက လွတ်သွားမှာ အလွန်စိုးရိမ်တဲ့ တရားနှစ်ခု...။ (မှန်ပါ့ဘုရား)။

အလွန်စိုးရိမ်တဲ့ တရားနှစ်ခုဖြစ်ပြီး သကာလ...နေတော့ ခင်ဗျားတို့ကလဲ သူတို့လက်ထဲမှာ ကြီးပွားလာတာဖြစ်နေတော့ အဝိဇ္ဇာက သစ္စာလေးပါး မသိအောင် ဖုံးထားလိုက်၊ တဏှာက အမေခင်၊ အဖေခင်၊ သားခင်၊ စီးပွားရှာ ခင်ဆိုတော့ ကျုပ်တို့ကလဲ သူတို့ခိုင်းရာကိုပဲ လုပ်နေတော့ သူတို့သာလျှင်အမေ၊ သူတို့သာလျှင် အဖေ ဖြစ်နေတယ်...။ (မှန်ပါ့ဘုရား)။

သူတို့အမေ၊ သူတို့အဖေ ဖြစ်နေတော့ ဈေးဟာ တစ်နေ့လဲ တက်ပြန်တာပဲ၊ နောက်တစ်နေ့လဲ...(တက်ပါတယ်ဘုရား)၊ အဲဒါက ဘယ်လောက်ကြာပလဲလို့မေးလို့

ရှိရင် ဘဝသံသရာကတည်းက ဒီပွတ်တိုက်တဲ့ သဘောက တော့ ဦးသံဒိုင် ပါကိုမပါဘူး...။ (မှန်ပါ့)၊ ပါကိုမပါဘူး...။ (မှန်ပါ့ဘုရား)။

ဘဝသံသရာထဲက ပွတ်တိုက်ပြီးသကာလ ထားတယ် လို့ မပါ,ပါဘူးတဲ့၊ ဒီအတိုင်း ပစ်ထားတာတွေကများတော့ အခုချက်ချင်း ဆရာကောင်းသမားကောင်းတွေနဲ့တွေ့ပြီး အခုချက်ချင်း ဖြစ်ပျက်မြင်လို့ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်ကြီး ကို သွားချင်ပါတယ်ဆိုတော့ မပွတ်တိုက်လို့ရှိရင် မရဘူး...။ (မှန်ပါ့)။

တဏှာအမိနဲ့ အဝိဇ္ဇာအဖက ဒကာ ဒကာမတို့မှာ သူတို့လက်ထဲ ကြီးပွားလာခဲ့ရတယ်ဆိုတာ မှတ်လိုက်စမ်း ပါ...။ (မှန်ပါ့ဘုရား)။

တဏှာက ဘာတုံး...။ (အမိပါဘုရား)၊ တဏှာက အမိ...တဲ့၊ အဝိဇ္ဇာက...(အဖပါဘုရား)။

အဲ...သူတို့နှစ်ယောက်လက်ထဲမှာ ကြီးပွားလာတော့ ဒီအထဲကနေပြီးသကာလ ဒိဋ္ဌိတည်းဟူသော ကိုယ်ရံတော် တွေကလဲ ခင်ဗျားတို့က မွေးထားတယ်...။ (မှန်ပါ့ဘုရား)။

ဒိဋ္ဌိကိုယ်ရံတော်တွေကလဲ...(မွေးထားပါတယ်ဘုရား)။

မွေးထားတော့ ဒါတွေက ဒိဋ္ဌိကလဲ ဒါ မင့်သား၊ မင့်သမီး၊ မင့်မြေး၊ မင့်မြစ်၊ မင့်အစ်ကို၊ မင့်နှမ၊ မင့် ယောက်ဖ အစရှိသည်နဲ့ အမျိုးမျိုးအဖုံဖုံ ဒိဋ္ဌိကလဲ ကိုယ်ရံ

http://www.thitsarparamisociety.com/


တော်ကွေကလဲ ခင်ဗျားတို့မှာက အမြဲတမ်း အုပ်ချုပ်ပြီး သကာလနေတော့ နဂိုက ပစ်ထားတဲ့ ကြေးဖလား ဖြစ်နေတယ်...။ (မှန်လှပါ)၊ တစ်ခါမှမပွတ်ဖူးဘူး...။ (မှန်ပါ့)။

နဂိုက ပစ်ထားတဲ့ ကြေးဖလား တစ်ခါမှ မပွတ်ဖူးတော့ ထုတက်နေတယ်...။ (မှန်ပါ့)။

အဲဒါသည်ကားလို့ဆိုရင် ဘာတုံးလို့မေးတဲ့အခါကျတော့ ဩော်...တပည့်တော်တို့ ဆရာကောင်း သမားကောင်းတွေ သာသနာတွင် ကြုံပါလျက်သားနဲ့ တပည့်တော်တို့ နိဗ္ဗာန်မရတာ ဘာတုံးဆိုလို့ရှိရင်ဖြင့်...တဲ့၊ ဒီထုကြီးလို့သာ မှတ်ပေတော့...။ (မှန်ပါ့ဘုရား)။

အဝိဇ္ဇာထု၊ တဏှာထု ဒိဋ္ဌိထု မကြီးဘူးလား...။(ကြီးပါတယ်ဘုရား)။

**မပွားရင် မရဘူး**

အဲဒီကြီးနေတဲ့အခါကျတော့ ခုနင်က သတိပဋ္ဌာန် နိမိတ်ကို ထင်အောင်၊ ကောဂ္ဂတာကျအောင်၊ ဝီရိယကူညီနိုင်အောင် ဆိုတော့ကို ဓမ္မဒိန္နာက ဒကာကြီး...တဲ့၊ မပွားရင် မရဘူးတဲ့...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

မပွားရင်...(မရပါဘုရား)၊ပွားမှပဲရမယ်...တဲ့၊(မှန်ပါ့)။

ပွားမှ ရမယ်ဆိုတာကတော့ ပစ်ထားတဲ့ ကြေးဖလားကို ထပ်ပြန်တလဲလဲ ပွတ်ရင်တော့ အရောင်ထွက်လာမှာ

http://www.thitsarparamisociety.com/


ပဲ...။ (မှန်ပါ)၊ နို့မဟုတ်လို့ရှိရင်တော့ မထွက်နိုင်ဘူး...။ (မှန်ပါ)၊ ဉာဏ်ရောင်ကို မပြောင်းနိုင်ဘူးတဲ့...။ (မှန်ပါ)၊ သဘောပါကြပလား...။ (ပါ,ပါပြီဘုရား)။

ဒါကြောင့် ဒါနဲ့ နိဗ္ဗာန် မရောက်နိုင်သေးဘူးတဲ့၊ ကောဂ္ဂတာကျရုံနဲ့၊ သတိပဋ္ဌာန်နိမိတ်ထင်ရုံနဲ့၊ ဝီရိယစိုက်ရုံနဲ့လဲ မရသေးဘူး၊ ပွားဦးမှတဲ့...။ (မှန်ပါ)၊ "ဘာဝိတာ ဗဟုလီကတာ" လုပ်ရဦးမယ်...။ (မှန်ပါ)၊ ဘာဝိတာ= ပွားရမယ်၊ ဗဟုလီကတာ=ကြိမ်ဖန်များစွာ ကြိုးစားရမယ် ဆိုတဲ့ အဓိပ္ပာယ်၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ပွားများရတဲ့ တန်ခိုးဟာက ဘယ်လို ကျေးဇူးရှိပါလိမ့်မတုံးဆိုတော့ ဉာဏ်ပေါ်မှာဖုံးနေတဲ့ အမိနဲ့တူတဲ့ တဏှာ၊ အဖနဲ့တူတဲ့ အဝိဇ္ဇာ၊ ကိုယ်ရုံတော်နဲ့ တူတဲ့ ဒိဋ္ဌိ၊ အဲဒါတွေကို ပါးအောင်လုပ်နေတဲ့ ကိစ္စလို့ မှတ်လိုက်စမ်းပါ...။ (မှန်ပါဘုရား)၊

## သိရုံနဲ့နိဗ္ဗာန်မရနိုင်

ဒါကြောင့် သိရုံနဲ့ နိဗ္ဗာန်ရောက်တယ်လို့ ဟောတဲ့ ဆရာတွေနဲ့တွေ့ရင် ဘယ်တော့မှ မယုံနဲ့...။ (မှန်လှပါ ဘုရား)။

မယုံနဲ့တဲ့၊ ဘာဖြစ်လို့ မယုံနဲ့လို့ ဆရာဘုန်းကြီးက ကန့်ကွက်ရသတုံးဆိုတော့ အခု သေသေချာချာပါပြီပေါ့...။

http://www.thitsarparamisociety.com/


(မှန်ပါ)၊ ဓမ္မဒိဋ္ဌာ...တဲ့၊ နိဗ္ဗာန်ဟာ ဒီကိစ္စနဲ့ ဧကဂ္ဂတာဟာ ကျပါပြီ၊ သတိပဋ္ဌာန်၏ နိမိတ်ထင်ပါပြီ၊ ဝီရိယလဲ စိုက်ပါပြီ၊ ထင်ရုံနဲ့ ပြီးနိုင်သလား၊ တွေ့နိုင်ပါသလား၊ ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်ကို မတွေ့နိုင်ဘူးတဲ့၊ ဘာဝေတဗ္ဗကိစ္စ လိုက်ရဦးမယ်တဲ့...။ (မှန်ပါဘုရား)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဘာလိုက်ရဦးမလဲ...(ဘာဝေတဗ္ဗကိစ္စ လိုက်ရပါဦးမယ်)၊ ဘာဝေတဗ္ဗကိစ္စမလိုက်ရင် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ ရကို မရနိုင်ဘူး...။ (မှန်ပါဘုရား)၊ မရနိုင်ဘူး...တဲ့။

အဲဒီတော့ ဒီလိုမှတ်လိုက်တာပေါ့၊ ဘာဝေတဗ္ဗကိစ္စက ဘယ်နေရာတုံးလို့ဆိုတဲ့အခါကျတော့ ဖြစ်ပျက်ကို မမြင်မြင်အောင် အားထုတ်တဲ့ နေရာကျတော့ ဘာဝေတဗ္ဗကိစ္စ လိုတယ်...။ (မှန်ပါ)၊ နိဗ္ဗာန်မြင်တဲ့အခါကျတော့ မဂ်စစ်ပေါ်လာတဲ့အခါ ဘာဝေတဗ္ဗကိစ္စ မလိုဘူး...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

**ဝိပဿနာမဂ် ပွားကြစမ်းပါ**

ဝိပဿနာမဂ်မှာ ဘာဝေတဗ္ဗကိစ္စ လိုတယ်...။ (မှန်ပါ)၊ လောကုတ္တရာမဂ်ကျတော့...(ဘာဝေတဗ္ဗကိစ္စ မလိုပါဘုရား)၊ မလိုဘူး၊ တစ်ကြိမ်တည်းနဲ့ နိဗ္ဗာန်ရောက်တယ်...။ (မှန်ပါ)။

အဲဒီတော့ ဒီအရှိန်ပေးနေရတာ ကိလေသာထုတွေ ခွာနေရတာ ကြာတာပါတဲ့၊ ခွာပြီးတဲ့တစ်နေ့ မဂ်စစ် ပေါ်ဖို့ကျတော့ ဒကာ ဒကာမတွေမှာ ဘာမှ ပူစရာမလိုဘူး၊ တစ်ကြိမ်နဲ့ ကိစ္စပြီးတာပါ...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒါကြောင့် ပွားကြစမ်းပါ...ပွားကြစမ်းပါဆိုတဲ့ဥစ္စာ သည် ဘယ့်နှယ်ကြောင့် အပွားခိုင်းတာတုံးဆိုတာ မောင်သစ် တို့ ရိပ်မိရောပေါ့...။ (မှန်ပါ့ဘုရား)၊ ဘယ်အခါကာလမှ မပွတ်ဘဲနဲ့ ဈေးက ဝယ်ပစ်ထားတဲ့ ကြေးဖလားနဲ့တူနေလို့၊ ရှင်သာရိပုတ္တရာက အသုံးချလို့မဖြစ်လို့ ပွတ်ရတာပေါ့...တဲ့၊ ပွတ်တယ်ဆိုတာ ထပ်ပြန်တလဲလဲ ပွတ်ရတယ်...။ (မှန်ပါ)။

ဒါမှသာလျှင် ကြေးဖလားအရောင်ကြီးထွက်ပြီးသကာလ လိုရင်းကိစ္စ၊ သုံးဆောင်ခြင်းကိစ္စကို ပြီးစေနိုင်တယ်ဆိုတာ အမှန်ပါပဲ...။ (မှန်ပါ့ဘုရား)။

ဒါဖြင့် ဘာဝေတဗ္ဗကိစ္စ မလိုဘူးလား...။ (လိုပါတယ်ဘုရား)၊ ဘယ်အချိန် လိုသတုံးဆိုတော့ ဖြစ်ပျက်ကို ပွားနေတုန်း လိုတယ်...။ (မှန်ပါ)၊ ဖြစ်ပျက်ဆုံးသွားတဲ့ အခါကျပြန်တော့လဲ မဂ်စိတ်တစ်ကြိမ်ပေါ်လာခြင်းကြောင့် မပွားပါနဲ့...တဲ့၊ ခင်ဗျားတို့က ပွားချင်လဲ မရဘူး၊ သူက တစ်ကြိမ်ဖြစ်ပြီး ချုပ်သွားတာပဲ...။ (မှန်ပါ)။

http://www.thitsarparamisociety.com/



## လောကုတ္တရာမဂ်က ကျေးဇူးများတယ်

တစ်ကြိမ်ဖြစ်ပြီး ချုပ်တယ်ဆိုကတည်းကလဲ သူကလဲ သူ့အတွက်ကတော့ အေးပါတယ်၊ သူ့အတွက်ကတော့ ဘယ်လို စိတ်အေးရသတုံးဆိုတော့ မြစ်တစ်ခုကို ကူးသလို မှတ်ရမယ်တဲ့...။ (မှန်ပါ့)၊ မဂ်တစ်ကြိမ်တည်းဖြစ်ငြားသော်လဲ လောကုတ္တရာမဂ်ကတော့ အလွန်ကျေးဇူးများပါတယ်...။ (မှန်ပါ့)။

လှေတစ်ခုမှာ ဝန်တင်ပါ...တဲ့၊ လှေတစ်ခု ဝန်တင်ပြီးသကာလ သူတစ်ယောက်က ထိုးခတ်လှော်ပြီးသကာလ ဟိုဘက်သွားတဲ့အခါမှာ ဒီဘက်ကမ်းက ဟိုဘက်ကမ်းကို ကူးတာလဲ လှေသမား၏ လုံ့လပယောဂပဲ၊ ဒီဝန်တွေ ဆောင်ပြီးသကာလ သွားတာလဲ ဒီလှေသမား၏ လုံ့လပယောဂပဲနော်...။ (မှန်ပါ့)၊ ရေဖြတ်သွားတာလဲ...(လှေသမား၏ လုံ့လပယောဂပါဘုရား)၊ ဟိုဘက်ကမ်းရောက်တာကော...(လှေသမား၏ လုံ့လပယောဂပါဘုရား)။

အဲ...မဂ်တစ်ကြိမ်ပေါ်ပြီဆိုမှဖြင့်...တဲ့၊ ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင်သိဖို့လဲ၊ ဒုက္ခသစ္စာကို ပရိညေယျနဲ့ ထားပစ်ခဲ့တာလဲ သူပဲလို့ မှတ်ပါ...။ (မှန်ပါ့)၊ ကိလေသာရေတွေကို ဖြတ်ကျော်ပြီးသကာလ၊ ဖြတ်တောက်ပြီးသကာလ သွားတာလဲ လှေပဲလို့ မှတ်ရမယ်...။ (မှန်ပါ့)၊ ဒီမှာဘက်

http://www.thitsarparamisociety.com/


ကမ်းဆိုတဲ့ သက္ကာယဒိဋ္ဌိရုပ်နာမ်နယ်မှ ရုပ်နာမ်မရှိတဲ့ နိဗ္ဗာန် ဘက်ကိုရောက်တော့ ဒီဘက်ကမ်းက ခွာတာလဲ လှေပဲ...။ (မှန်ပါ)၊ ဟိုဘက်ကမ်းကို ရောက်တာကော...(လှေပါပဲ ဘုရား)။

**မဂ်၏အလုပ်လေးမျိုး**

ဒါဖြင့် လှေသည် အလုပ် လေးလုပ်,လုပ်တယ်...။ (မှန်ပါ)၊ လေးလုပ်က ဒီဘက်ကမ်းခွာမှု၊ ဟိုဘက်ကမ်း ရောက်မှုနဲ့ နှစ်မှုမနေဘူးလား...။ (မှန်ပါ)၊ ဝန်တွေ တင်ပြီးသကာလ ဟိုဘက်ပို့မှုလဲ လှေပဲ၊ အလယ်ကရေတွေ ဖြတ်ဖို့ကော...(လှေပါပဲဘုရား)၊ လှေဆိုတာ သဘောကျ ပလား...။ (ကျပါပြီဘုရား)။

ထို့အတူပဲ...တဲ့၊ မဂ်သည် ရေနဲ့တူတဲ့ ကိလေသာ ကိုလဲ သူ တစ်ကြိမ်တည်းနဲ့ ဖြတ်တာပဲ...။ (မှန်ပါဘုရား)၊ ဒီမှာဘက်ကမ်း သက္ကာယဒိဋ္ဌိနယ်မှ ခွာတာလဲ...(လှေပါပဲ ဘုရား)၊ အဲ...လှေနဲ့တူတဲ့ မဂ်ပဲ...။ (မှန်ပါ)၊ ရှင်းပြီ နော်...။ (ရှင်းပါပြီ)၊ နိဗ္ဗာန်ဆိုတဲ့ ဟိုမှာဘက်ကမ်း အရောက် ပို့လိုက်တာကော...(လှေပါဘုရား)၊ ဒီမဂ်ပဲ၊ လှေနဲ့တူတဲ့ မဂ်ပဲ...။ (မှန်ပါ)၊ သဘောကျပြီ...။ (ကျပါပြီ)၊ ဒီဝန်တွေ ကို တစ်ခါတည်း ဆောင်ယူသွားတာကော...(လှေနဲ့တူတဲ့ မဂ်ပါဘုရား)။

http://www.thitsarparamisociety.com/


လှေပဲလို့ဆိုရင် လှေသည် လေးလုပ် အလုပ်,လုပ်တယ်...။ (မှန်ပါ)၊ ထို့အတူပဲ...တဲ့၊ လှေ လေးလုပ်အလုပ်, လုပ်သလို မဂ်ကတော့ တစ်ကြိမ်ဖြစ်တယ်ဆိုရင် လေးခုသော ကိစ္စကို အပြီးလုပ်ချလိုက်တာပဲ...။ (မှန်ပါ)၊ ရှင်းကြပလား...။ (ရှင်းပါပြီ)။

မဂ်က တစ်ကြိမ်ဖြစ်ရင်တော့...(လေးခုသောကိစ္စကို အပြီးလုပ်ချပါတယ်)၊ သက္ကာယဒိဋ္ဌိနယ်မှ ခွာသွားတယ်ဆိုတာလဲ မဂ်ကိစ္စပဲ...။ (မှန်ပါ)၊ ဖြစ်ပျက်မမြင်တော့ဘူး၊ အဲဒီအချိန်မှာ...(မှန်ပါ)၊ ဖြစ်ပျက်က သက္ကာယကိုး...။ (မှန်ပါ)၊ အဲဒီ သက္ကာယခွာတာလဲ မဂ်ပဲ...။ (မှန်ပါ)၊ သက္ကာယဒိဋ္ဌိချုပ်တဲ့ နိဗ္ဗာန်ကို မြင်တာလဲ...(မဂ်ပါပဲ)၊ ဒုက္ခသစ္စာ ပရိညေယျနဲ့ ပိုင်းခြားပစ်တာလဲ သူပဲ...။ (မှန်ပါ)၊ ဟိုဘက်နိဗ္ဗာန်ကို အာရုံပြုနိုင်တာလဲ...(သူပါပဲဘုရား)၊ အထည် ကိလေသာတွေဖြတ်တာကော...(သူပါပဲဘုရား)၊ သူပဲဆိုတာ သဘောကျပလား...။ (ကျပါပြီ)။

ဒီခန္ဓာရှိတဲ့ ပုဂ္ဂိုလ်ကိုပင်လျှင် ခန္ဓာရှိလျက်နဲ့လဲ နိဗ္ဗာန်ကို မြင်သွားတာလဲ၊ ခန္ဓာဝန်ကို နိဗ္ဗာန်ဘက်ဆောင်သွားတာလဲ သူပဲ...။ (မှန်ပါဘုရား)၊ သဘောပါပလား...။ (ပါ,ပါပြီ)။

ဒါဖြင့် လောကုတ္တရာမဂ်စစ်ကတော့ မပွားရလို့ မှတ်

http://www.thitsarparamisociety.com/


ပါ...။ (မှန်ပါ)၊ လောကီမဂ်ကတော့ဖြင့်...(ပွား ရပါတယ် ဘုရား)။

လောကီမဂ်ပွားရခြင်း၏ အကြောင်းကတော့ ခုနင်က ဘုန်းကြီးရှင်းပေးခဲ့ပါပြီ၊ ဘယ်တော့မှ မဆေးတဲ့ ကြေးဖလားဖြစ်နေလို့...။ (မှန်ပါ)၊ တစ်ချီတည်း တိုက်လို့တော့ ပြောင်လိမ့်မယ်၊ လက်လိမ့်မယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးတော့ မယူပါနဲ့...။ (မှန်ပါဘုရား)၊ မပြောင်နိုင်၊ မလက်နိုင်ဘူး ဆိုတာတော့ဖြင့် အရေးကြီးပါတယ်...။ (မှန်ပါ)။

ဒါကြောင့် "သိရင် ပြီးရောဆိုတဲ့ စကားမျိုးကို ဘယ်အခါကာလမှ မယူကြပါနဲ့"၊ အခု ဓမ္မဒိန္နာရဟန္တာမ,ကလဲ ဖြေပြီ...။ (မှန်ပါ)၊ ဘုရားကလဲ မဂ်ဘာကိစ္စရှိသတုံးဆို အို...ဘာဝေတဗ္ဗ ကိစ္စရှိတယ်ဆိုတော့ လောကီမဂ်ကို ဆိုတယ်...။ (မှန်ပါ)၊ လောကုတ္တရာမဂ်မှာ ဘာဝေတဗ္ဗာမရှိ...။ (မှန်ပါ)၊ ရှင်းကြပလား...။ (ရှင်းပါပြီ)။

ကောင်းပြီ၊ ဒါဖြင့် ဒကာ ဒကာမတွေ အလုပ်,လုပ်တဲ့အခါကျတော့ ဧကဂ္ဂတာလဲ အရေးကြီးတယ်...။ (မှန်ပါ)၊ သတိပဋ္ဌာန်နိမိတ်ကော...(အရေးကြီးပါတယ်ဘုရား)၊ ဝီရိယ ကူညီမှုကော...(အရေးကြီးပါတယ်ဘုရား)။

ဟာ...ဒါတွေ တစ်ကြိမ်စီဖြစ်နေလို့ မတော်သေးဘူး၊ ဧကဂ္ဂတာလဲ တစ်ကြိမ်တည်းဖြစ်လို့ မတော်ဘူး၊ သတိပဋ္ဌာန်နိမိတ်လဲ တစ်ကြိမ်တည်းဖြစ်လို့ မတော်ဘူး၊ ဝီရိယ

http://www.thitsarparamisociety.com/


ကလဲ တစ်ကြိမ်တည်းတွန်းပေးလိုက်တာနဲ့ မတော်သေးဘူး၊ ဘာဝေတဗ္ဗဆိုတဲ့ သူတို့ကို အကြိမ်ကြိမ်ပွားများမှုဟာ လိုသေးတယ်...။ (မှန်ပါ)။

**မသေမချင်း ပွားရမှာလား ?**

မသေမချင်း ပွား,ရမှာလားလို့ ဘုန်းကြီးတို့ ဒကာဒကာမတွေက ဆိုတော့ ဒီလိုတော့ မဟုတ်ပါဘူးတဲ့၊ လောကုတ္တရာမဂ် ခုနင်က လေးခုဆောင်သလို ဆောင်ပြီးလို့ရှိရင်လဲ ပွားဖို့မလိုတော့ပါဘူး...။ (မှန်ပါ)၊ သဘောကျပလား...။ (ကျပါပြီ)။

လောကုတ္တရာမဂ်ပေါ်လာလို့ရှိရင်...(ပွားဖို့မလိုပါဘုရား)၊ ပွားဖို့ မလိုတောဘူး၊ သဘောကျပလား...။ (ကျပါပြီ)။

အဲဒီတော့ ပွားနေရတာက ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် ကိလေသာထုထူလို့ ပွားရတယ်ဆိုတဲ့ အဓိပ္ပာယ်တော့ဖြင့် သေသေချာချာမှတ်ပါ...။ (မှန်ပါဘုရား)။

**ကိလေသာထုထူလို့ ပွားရတာ**

ဘယ်လိုကြောင့် ပွားရသတုံး...။ (ကိလေသာထုထူလို့ ပွားရပါတယ်ဘုရား)။

http://www.thitsarparamisociety.com/


ကိလေသာထုထူတာလဲ ဦးသံဒိုင် ဝယ်ပြီးတဲ့ ကြေးဖလား ဘယ်တော့မှ မဆေးတာ...။ (မှန်ပါ)၊ ရှင်ပလား...။ (ရှင်းပါပြီ)။

ခင်ဗျားတို့ အခု ဒီလာပြီး တရားနာကြ၊ တရားအားထုတ်ကြတယ်၊ အင်း...ခုမှပဲ ဆေးရမှန်း၊ ကြောရမှန်း သိတာကို...။ (မှန်ပါ)၊ နဂိုကတော့ ဆုတောင်းကလေး နဲ့ အလွယ်တကူရလိမ့်မယ်လို့ ခင်ဗျားတို့ကလဲ ထင်ကြတယ်...။ (မှန်ပါ)၊ ဆုတောင်းကလေးနဲ့ အလွယ်တကူ ရလိမ့်မယ်လို့ ထင်ကြတယ်တဲ့...၊ ဆုတောင်းနဲ့တော့ ဝေးပါသေးရဲ့လို့ ဆုံးဖြတ်ချက်ချပါ...။ (မှန်ပါ)၊ ဘာကြောင့်တုံးဆိုတော့ ပွားမှ ရမည့်အလုပ်ကို တောင်းယူလို့တော့...(မရပါ)၊ မရပါဘူး၊ လုပ်ယူရမည့်အလုပ်ကို တောင်းယူရင်...(မရပါဘုရား)၊ မရဘူးဆိုတဲ့ အဓိပ္ပာယ် ရှင်းမိအောင် ရှင်းပါ...။ (မှန်ပါ)။

အဲဒီတော့ကိုတဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီနေရာမှာ ပွားတဲ့ကိစ္စမှာ သူ ဘာပြလိုက်သတုံးလို့ မေးတဲ့ အခါကျတော့ မောင်သစ်တို့၊ ဦးသံဒိုင်တို့ နာဖူးပါတယ်၊ ကြက်မကြီး တစ်ကောင်ဟာတဲ့ ဆယ့်နှစ်လုံးလောက် ဥတယ်...။ (မှန်ပါ)၊ သံယုတ်ပါဠိတော်မှာ လာတယ်...။ (မှန်ပါ)၊ ဆယ့်နှစ်လုံးလောက်ဥပြီးသကာလ ပြင်ဘက်က နေပြီးသကာလ ငါ့ကြက်ကလေးတွေ ပေါက်ပါစေ၊ ငါ့

http://www.thitsarparamisociety.com/


ကြက်ဥကလေးတွေ ပေါက်ပါစေလို့ ပြင်ဘက်ကနေ အော်လို့ရှိရင် ဒီကြက်ဥတွေ ပျက်သွားမယ်…။ (မှန်ပါ့၊ ပုပ်သွားပါ့မယ်ဘုရား)။

## ကြက်မကြီး ဥပမာ

ဒီအပေါ်မှာ အတောင်ကလေးဖြန့်ပြီးအုပ်၊ လေမတိုက်အောင်လို့ အတောင်ကလေး ဖြန့်ပြီးတော့ ကာထား၊ ကြက်တို့၏ အငွေ့ဖြစ်တဲ့ အပူဓာတ်ကိုလဲ ပေး၊ အနံ့ကိုလဲပေး၊ ဒီသုံးခုအလုပ်ကို မလုပ်လို့ရှိရင် ဒီကြက်ဥလေးတွေဟာ အကုန်ပုပ်သွားတာပဲ…။ (မှန်ပါ့ဘုရား)။

အတောင်ဖြန့် မအုပ်တဲ့အတွက်၊ အပြင်ဘက်လေကတိုက်တဲ့အတွက် ပုပ်တယ်…။ (မှန်ပါ့)၊ အပူဓာတ်မပေးတဲ့အတွက်လဲ အထဲမှာ ကြက်ဥက ဥစမှာ အရည်ချည်းဖြစ်နေတယ်…။ (မှန်ပါ့)၊ အဲဒီအရည်က မခန်းခြောက်ဘူး…။ (မခန်းခြောက်ပါဘုရား)၊ ကြက်တို့၏အနံ့ကို မပေးပြန်လို့ရှိရင်လဲတဲ့၊ ဟိုမှာ ဒီကြက်ကောင်ကလေးတွေ ဖြစ်ဖို့ရာဟာ မရှိဘူးတဲ့၊ ဖြစ်ချင်တဲ့အကောင်ဖြစ်မှာပဲ…။ (မှန်ပါ့)၊ သဘောကျပလား…။ (ကျပါပြီ)။

ဒါဖြင့် အတောင်ဖြန့်အုပ်ဖို့တို့ ကြက်မကြီး၏ အလုပ်ပဲ…။ (မှန်ပါ့)၊ကြက်တို့၏ ရင်ငွေ့အပူဓာတ်ကို ဥကလေးတွေပေါ် ရောက်အောင် ပေးမှုလဲ…(ကြက်မကြီးအလုပ်ပါ

http://www.thitsarparamisociety.com/


ဘုရား)၊ ကြက်တို့၏အနံ့ကို ပေးမှုကော...(ကြက်မကြီး အလုပ်ပါဘုရား)၊ မဝပ်ဘဲနဲ့ ဒီအနံ့ကလဲ ဟိုအံ့ထဲမရောက် ဘူး...။ (မှန်ပါ့)၊ ရောက်နိုင်ပါ့မလား...။ (မရောက်နိုင် ပါဘုရား)၊ မရောက်နိုင်ဘူးဆိုတာ သေချာပလား...။ (သေချာပါပြီ)။

အဲ...ထို့အတူပဲတဲ့၊ ပြင်ဘက်က လေလဲ ကာပေးရ မယ်...။ (မှန်ပါ့)၊ အပူဓာတ်လဲ...(ပေးရပါမယ်)၊ အနံ့ ကော...(ပေးရပါမယ်)၊ မပေးလို့ရှိရင်ဖြင့် ဒီကြက်ဥကလေး တွေ အကုန်ပုပ်သွားတာပဲ...။ (မှန်ပါ့)။

အမြင်ကသာ ဒီကြက်ဥကလေးပေါက်ပါစေ၊ ပေါက် ပါစေဆိုမယ်ဆိုလို့ရှိရင် ရကိုမရဘူး...။ (မရပါဘုရား)။

ထို့အတူပဲတဲ့၊ ဒီဒကာ ဒကာမတွေလဲ လုပ်တော့ မလုပ်ဘဲနဲ့၊ ဉာဏ်ကလေးတော့ ပါရဲ့၊ လုပ်တော့ မလုပ် ဘူးဆိုလို့ရှိရင် ဒီဉာဏ်ကလေးဟာက ပုပ်သွားမည်...။ (မှန်ပါ့)။

ဘာဖြစ်လို့တုံးဆိုတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ ဥစ္စာကို ခင်ဗျားတို့ အတောင်ဖြန့်အုပ်တာ၊ ကြက်အပူပေး တာ၊ ကြက်နံ့ပေးတာ သုံးလုပ်ရှိသလို ဒီမှာလဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သုံးလုပ်နဲ့ ခင်ဗျားတို့ လုပ်ရမှာပဲ...။ (မှန်ပါ့)၊ မလုပ်လို့ရှိရင် ဉာဏ်ကလေးဟာ ပုပ်သွားတာပဲ...။ (မှန်ပါ့)၊ ဉာဏ်ကလေးဟာ တွန့်သွားတာပဲ၊ ဉာဏ်ကလေးဟာ အသုံး

ချလို့ မရပါဘူးဆိုတဲ့ ဥစ္စာ သေသေချာချာ မှတ်ပါ...။ (မှန်ပါ့)။

ကြက်မကြီးသည်ကားလို့ဆိုရင်ဖြင့် မကြာမကြာ ထွက်လိုက်၊ မကြာမကြာပြန်ဝပ်လိုက်၊ မကြာမကြာ ထွက်လိုက်၊ မကြာမကြာ ပြန်ဝပ်လိုက်၊ မကြာမကြာဆိုတာက တခြားမဟုတ်ဘူး၊ သူလဲ အစာရှာထွက်ရတယ်...။ (မှန်ပါ့)၊ တော်တော်ကြာ အစာရှာထွက်ရာက ပြန်လာလို့ရှိရင် ပြန်ပြီး ဝပ်ပြန်တာပဲ...။ (မှန်ပါ့)။

**ကြိမ်ဖန်များစွာဝပ်မှ အကောင်ပေါက်တယ်**

ဒါဖြင့် သူသည် ကြိမ်ဖန်များစွာ တစ်သီတင်း၊ နှစ်သီတင်း ဝပ်လိုက်တဲ့အခါကျတော့ ဦးသံဒိုင် ကြက်ကောင်ကလေးတွေ ဖြစ်လာတယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)။

ကြက်ကောင်ကလေးတွေ...(ဖြစ်လာပါတယ်ဘုရား)၊ ဘာ့ကြောင့်တုံးလို့ မေးတဲ့အခါကျတော့မှတဲ့၊ အပူဓာတ်ပေးလို့ ဥခွံ ပါးသွားပါတယ်...။ (မှန်ပါ့)၊ အတောင်ကလေးနဲ့ ကာကွယ်ပေးတဲ့အတွက်၊ ပြင်ဘက်က လေမရတဲ့အတွက် အပူရှိန် မရပ်တော့ဘူး...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)၊ ကြက်နံ့ကလေးတွေ ပေးတဲ့အတွက် အထဲမှာ ကြက်ကောင်ကလေးတွေဖြစ်လာတယ်...။(မှန်ပါ့)။

http://www.thitsarparamisociety.com/


ထို့အတူပဲတဲ့၊ ကိလေသာတည်းဟူသော အစေးတွေ ခန္ဓာကိုယ်ထဲမှာ ကိလေသာတည်းဟူသော အစေးတွေခန်းခြောက်မှ၊ အဝိဇ္ဇာ ဥခွံလဲ ပါးပါမှ ထိုကြက်ကလေးတွေ၏ ခြေသည်း လက်သည်းကလေးတွေထက်ပါတယ်...။ (မှန်ပါ့)။

အဝိဇ္ဇာဥခွံလဲ...(ပါးပါမှ)၊ တဏှာအစေးကလဲ...(ခန်းခြောက်ပါမှ)၊ ခန်းခြောက်ပါမှဆိုမှ အထဲမှာ ကြက်ကောင်ကလေးတွေ၏ ခြေသည်းဖျားကလေးတွေ၊ နှုတ်သီးဖျားကလေးတွေ ထက်လာတယ်...။ (မှန်ပါ့)၊ ထက်လာတဲ့အခါကျတော့ ကြက်ကောင်ကလေးတွေက အောက်မေ့တယ်၊ သြော်...ငါတို့ ဒီအထဲ ကွေးကောက်နေရတာ အတော်ကြာပြီ၊ ပြင်ဘက်လဲ အလင်းမြင်ရတယ်၊ အရည်ခြောက်လို့ အလင်းမြင်တာ...။ (မှန်ပါ့)၊ အဝိဇ္ဇာဥခွံပါးလို့လဲ...(အလင်းမြင်ရပါတယ်)၊ အဲ...အရည်မရှိလို့လဲ ကြက်ကောင်ကလေးတွေ ဖြစ်လာတယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)။

အဲဒီ ကြက်မကြီး ကြက်နံ့တွေ ပေးလိုက်တဲ့အတွက်လဲ နှုတ်သီးဖျားကလေးတွေ၊ ခြေဖျားကလေးတွေ သန်စွမ်းလာတယ်...။ (မှန်ပါ့)။

အဲဒီတွင် တစ်ခါတည်း တို့ ဒီထဲမှာ နေရတာကြာပြီ၊ ကွေးကောက်နေရတာကြာပြီဆိုပြီး လည်ပင်းကလေး

http://www.thitsarparamisociety.com/


ဆန့်လိုက်၊ ခြေထောက်ကလေး ဆန့်လိုက်တဲ့အခါကျတော့ ဒါကလေးတွေက မာလာတာလို့ ခုနင်က တဏှာအရည် ကလဲခန်း၊ အဝိဇ္ဇာ ဥခွံကလဲ ပါး၊ ဉာဏ်တည်းဟူသော ခြေသည်း၊ လက်သည်းကလေးတွေ၊ နှုတ်သီးဖျားကလေးတွေ က ထက်လာလို့၊ ဇျမ်း...ဆို ကွဲထွက်သွားလို့ အလင်း ရောက်တယ်...။(မှန်ပါ့)၊ ပြင်ဘက်ရောက်မလာဘူးလား...။ (ရောက်လာပါတယ်ဘုရား)။

အဲဒီလိုပဲကွာ...တဲ့၊ ငါဘုရား ဟောတယ်ဆိုရင် ဒီဥပမာကို ငါဘုရားပေးပါတယ်၊ မင်းတို့လဲ ပွားများနိုင် လို့ရှိရင် ကိလေသာခန်းခြောက်ပါလိမ့်မယ်...။ (မှန်ပါ့)၊ အဝိဇ္ဇာ ဥခွံလဲ ပါးပါလိမ့်မယ်၊ ဉာဏ်ခြေသည်းဖျား၊ လက် သည်းဖျားလဲ ထက်ပါလိမ့်မယ်...။ (မှန်ပါ့)၊ ဒီသုံးလုပ် မပါရင်တော့ မရဘူးကွ...တဲ့...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဥခွံထဲက အစေးခြောက်အောင်လဲ ကျုပ်တို့ သည် ဖြစ်ပျက်ပေါ်မှာ ဝပ်ဝပ်ပေးရမယ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီ)၊ ဖြစ်ပျက်ပေါ်မှာ...(ဝပ်ဝပ်ပေး ရပါမယ်ဘုရား)၊ အဲ...ဖြစ်ပျက်ပေါ်မှာ ဒီဉာဏ် ဝပ်ဝပ်ပေး ရမယ်ဆိုတာ ရှု-ရှုပေးရမယ် ပြောတာ...။ (မှန်ပါ့)၊ ရှု- ရှုချင်း ထွက်မလားလို့ မေးတဲ့အခါကျတော့ မဟုတ်သေး

http://www.thitsarparamisociety.com/


ဘူးတဲ့၊ ကြက်မကြီး ဝပ်သလိုပဲတဲ့၊ အပူဓာတ်ပြင်းမှလဲ ကိလေသာ အစေးနဲ့တူတဲ့ အရည်တွေက၊ ကြက်ဥထဲမှာ ပါတဲ့ အရည်တွေက ခန်းခြောက်မယ်...။ (မှန်ပါ့)၊ သဘော ပါပြီ...။ (ပါ,ပါပြီ)၊ အရည်ခန်းခြောက်မှလဲ ဥခွံက ပါး မယ်...။ (မှန်ပါ့)၊ ဒါမှသာလျှင် ဥခွံပါးမှလဲ အထဲမှာ ရှိတဲ့ အကောင်ကလေးတွေ၏ နှုတ်သီးဖျား၊ ခြေသည်းဖျား ထက်မယ်...။ (မှန်ပါ့)၊ ထက်မှလဲ ကန်ထွက်မယ်...။ (မှန်ပါ့)၊ နို့မဟုတ်လို့ရှိရင်...(မထွက်နိုင်ပါဘုရား)။

အဲဒီအတိုင်းပဲကွာတဲ့၊ ငါဘုရားသခင်ကိုယ်တော်မြတ် ကြီး မင်းတို့သည်ကားလို့ဆိုရင်ဖြင့်၊ ပွားများလို့ရှိရင်ဖြင့် ဒီအပေါ်မှာ၊ ဖြစ်ပျက်ပေါ်မှာ အမြဲတမ်းရှုနေလို့ရှိရင်ဖြင့် ကိလေသာအစေးလဲ ခန်းခြောက်မှာပဲ...။ (မှန်ပါ့)၊ အဝိဇ္ဇာ တည်းဟူသော ဥခွံလဲ ပါးသွားမှာပဲ...။ (ပါးမှာပါ)၊ ဉာဏ် ခြေသည်းဖျား၊ နှုတ်သီးဖျားလဲ...(ထက်ရမှာပါဘုရား)၊ အဲဒီ ထက်လာတဲ့အခါကျတော့ ခွဲထွက်သွားတာပဲ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

အဲဒီ ခွဲထွက်သွားချင်လို့ရှိရင် ဒကာ ဒကာမတို့ ကြက်မကြီးလိုပဲ...တဲ့၊ မကြာမကြာဝပ်ပေးရမယ်...။ (မှန်ပါ့)၊ မဝပ်လို့ရှိရင်တော့...(မရပါဘုရား)၊ မရဘူးဆိုတာ သဘောပါပလား...။ (ပါ,ပါပြီဘုရား)။

http://www.thitsarparamisociety.com/

**ပွားပါများမှ နိဗ္ဗာန်မြင်တယ်**

ဒါက ဘာနဲ့ပတ်သက်လို့ ဟောရတာတုံးလို့ မေးတဲ့အခါကျတော့ကို...တဲ့၊ အခုဟာက ပွားများရမည့်ကိစ္စကို ဘုရားက အဓိပ္ပာယ်ပြတာ...။ (မှန်ပါ့)။

ပွားများရမည့်ကိစ္စကို...(အဓိပ္ပာယ်ပြတာပါဘုရား)။

အေး...ဒါကြောင့် ဒီအတိုင်း မနေကြနဲ့၊ ဒီအတိုင်း မနေကြနဲ့၊ ခုနင်က မူလပဏ္ဏာသမှာလာတဲ့၊ ရှင်သာရိပုတ္တရာ ဟောတဲ့ ကြေးဖလားလိုပဲ ပွတ်နိုင်မှ သင့်ရုံရှိမယ်...။ (မှန်ပါ့)၊ ကြက်မကြီးလိုပဲ ဝပ်နိုင်မှပဲ...(သင့်ရုံရှိပါမယ်)၊ ကြက်ကောင်ကလေးတွေ ပြင်ဘက်ရောက်မှာပဲ...။ (မှန်ပါ့)၊ အလင်းရောက်တယ်ဆိုတာ နိဗ္ဗာန်မြင်တယ်ပြောတာပဲ...။ (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် အလင်းမြင်ရသတုံးဆိုတော့ အဝိဇ္ဇာ ဥခွံပါးရင် မြင်တာပဲ...။ (မှန်ပါ့)၊ တဏှာအစေးခြောက်ရင်...(မြင်ပါတယ်ဘုရား)။

ကြက်ဥထဲက အရည်ခြောက်သွားလို့ရှိရင်လဲ ပြင်ဘက်မြင်ရတာပဲ...။ (မှန်ပါ့)၊ ဥခွံက ပါးပါး-ပါးပါးသွားလို့ရှိရင်လဲ...(မြင်ရပါတယ်ဘုရား)။

မြင်ရတာပဲ၊ အဲဒီပါးတဲ့အချိန်မှာ ဝပ်လိုက်တဲ့ အချိန်ကျလို့ရှိရင် ဒီက အပူဓာတ်ကြောင့် ဉာဏ်နဲ့တူတဲ့

http://www.thitsarparamisociety.com/



ခြေသည်းဖျား၊ နှုတ်သီးဖျားကလေးလဲ၊ ခင်ဗျားတို့ဉာဏ်လဲ ထက်လာတာပဲ...။(မှန်ပါ့)၊ဒါကြောင့် မပွားရင်ဖြင့်... (မရပါဘုရား)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီးက "ဇာနတော ဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ" ဘိက္ခဝေ= ရဟန်းတို့၊ ဇာနတော=ရှုသော၊ ပဿတော=မြင်သော ပုဂ္ဂိုလ်အား၊ အာသဝါနံ=အာသဝေါတရားတို့၏၊ခယံ= ကုန်ခြင်းကို၊ အဟံ=ငါဘုရားသည်၊ ဝဒါမိ=ဟော၏၊ ရှုတဲ့ ပုဂ္ဂိုလ်မှ ဟော့...တဲ့...။ (မှန်ပါ့)၊ ရှုတဲ့ပုဂ္ဂိုလ်မှသာလျှင် ငါသည်ကားလို့ဆိုရင် အာသဝေါတရားကုန်တယ်လို့၊ တဏှာအစေးဆိုတဲ့ ကာမာသဝ၊ အဝိဇ္ဇာဉာဏ်ဆိုတဲ့ အဝိဇ္ဇာ သဝ၊ ဟုတ်ပလား...။ (မှန်ပါ့)၊ ဒါတွေဟာတဲ့၊ ကြပ်ကြပ် ရှုတဲ့ ပုဂ္ဂိုလ်မှာ အလျှင်အမြန် တစ်ခါတည်း ပြင်ဘက် အလင်းရောက်သလို မရှုတဲ့ပုဂ္ဂိုလ်မှာဖြင့် ရောက်လိမ့်မယ်လို့ ငါ ဟောကို မဟောဘူး...။ (မှန်လှပါဘုရား)။

ဒါဖြင့် အသိသမားတွေနဲ့ ဦးသံဒိုင် တခြားစီဖြစ်သွားတယ်...။ (မှန်ပါ့)၊ မဖြစ်သေးဘူးလား...။ (ဖြစ်ပါတယ် ဘုရား)။

အသိသမားတွေက သိပြီး ပြီးတာပဲ၊ ဘာလိုသေးသတုံး တဲ့၊ လိုတာမှ သူ မသိဘဲကိုး...။ (မှန်ပါ့)၊ အခုတော့ လိုတာသိပြီ မဟုတ်လား...။ (သိပါပြီဘုရား)၊ သိရုံနဲ့

http://www.thitsarparamisociety.com/



မပြီးသေးဘူး၊ ခုနင်က ကိလေသာစေးကလဲ ပွားမှ ခြောက်မှာ...(ပွားမှခြောက်မှာပါ)၊ အဝိဇ္ဇာ ဥခွံကကော...(ပွားမှပါးမှာပါ)၊ ဉာဏ်ထက်လာမှာကော...(ပွားမှထက်မှာပါ)၊ ပွားမှ ထက်မယ်၊ မပွားလို့ရှိရင်...(မထက်ပါဘုရား)။

**အလုပ်,လုပ်ပါများမှ ဉာဏ်ထက်တယ်**

အလုပ်တစ်ခုကို လုပ်ကြည့်ပါ...တဲ့၊ မောင်သစ်တို့၊ ဦးသံဒိုင်တို့၊ လုပ်ပါများမှ ဉာဏ်ကလေး ဝင်,ဝင်လာတယ်...။ (မှန်ပါ)၊ မလုပ်ခင် လုပ်စ,ဆိုရင် ဘယ်ဉာဏ်သွင်းရမှန်း သိကိုမသိဘူးတဲ့...။ (မှန်ပါ)၊ နောက်တော့ အလုပ်က လုပ်ပါများလာတဲ့အခါကျတော့ ဉာဏ်က ထက်ထက်လာတယ်...။ (မှန်ပါ)၊ အလုပ်,လုပ်ပါမများတဲ့ ပုဂ္ဂိုလ်ဟာ...(ဉာဏ်မထက်ပါဘုရား)၊ ဉာဏ်မထက်ပါဘူး ဆိုတာကို ထင်ထင်ရှားရှားပဲ သိရပါတယ်...။ (မှန်ပါဘုရား)။

အဲဒါကြောင့် ဓမ္မဒိန္နာက ဖြေတော့ သမာဓိတည်ရင်လဲ ပြီးတာပဲ၊ သတိပဋ္ဌာန်နိမိတ် ထင်လို့ရှိရင်လဲ ပြီးတာပဲ၊ ဝီရိယစိုက်ရင် ပြီးရော့လားလို့ ဓမ္မဒိန္နာကို ဝိသာခက မေးတဲ့အချိန်ကျတော့ မပြီးသေးဘူး...တဲ့၊ ပွားများတဲ့ကိစ္စက လိုသေးတယ်...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

http://www.thitsarparamisociety.com/



ဘာလိုသေးသတုံး...။ (ပွားများတဲ့ကိစ္စ လိုပါသေးတယ် ဘုရား)။

အေး...ဒါကြောင့် ပွားများတဲ့ကိစ္စကို ဒကာ ဒကာမတွေက အခု မလျှော့ဘဲနဲ့ လုပ်ကြမယ်ဆိုလို့ရှိရင် တစ်သံသရာလုံး ချေးတွေဟာ တစ်ခါတည်းနဲ့ပဲ ပျောက်သွားမှာပဲ...။ (မှန်ပါ)၊ ဒီကိလေသာရှိနေလို့ရှိရင်တော့ဖြင့်...တဲ့၊ ဉာဏ်ဟာ ထိုးထွင်းလို့ကို မရဘူး...။ (မှန်ပါဘုရား)။

ကိလေသာရှိနေရင်...(ဉာဏ်ဟာ ထိုးထွင်းလို့ကို မရပါဘုရား)။

## အာသေဝနဆိုတာ

နို့ ကိလေသာကော အနိစ္စလား၊ နိစ္စလားလို့မေးတော့ အနိစ္စပါပဲ၊ အနိစ္စပေမယ့်သူက အာသေဝန များတယ်...။ (မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

အနိစ္စပေမယ့်...(အာသေဝန များပါတယ်)၊ အာသေဝန ဆိုတာ သူချည်း ထပ်ပြန်တလဲလဲ ဒီပေါ် ထပ်ဖြစ်နေတာ...။ (မှန်ပါဘုရား)။

ဒီလိုကျတော့ အာသေဝန များတဲ့အတွက်...တဲ့၊ ဉာဏ်က ထိုးထွင်းလို့ မရဘူး...။ (မှန်ပါ)၊ သဘောပါကြပလား...။ (ပါ,ပါပြီဘုရား)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမယ်...။ (ဘာဝေတဗ္ဗပါ

ဘုရား)၊ ဘာဝေတဗ္ဗ ပွားရမယ်...။ (မှန်ပါ)၊ မပွားလို့ရှိရင်...(မရပါဘုရား)၊ မရဘူးဆိုတာ သေချာပလား...။ (သေချာပါပြီဘုရား)။

**ခန္ဓာကိုယ်ကြည့်တဲ့အခါ အတုံးအခဲ မတွေ့စေနဲ့**

ကောင်းပြီ၊ ဒါဖြင့် အိမ်ကျလာတဲ့အခါကျလို့ရှိရင် ခန္ဓာကိုယ်ကြည့်၊ ကြည့်တဲ့အခါ အတုံးအခဲ မတွေ့စေနဲ့၊ ဝေဒနာပေါ်ရာလိုက်၊ စိတ်ပေါ်ရာလိုက်၊ လိုက်တဲ့အခါကျတော့ အတုံးအခဲဟာ လိုက်တတ်ရင် ပျောက်သွားတာပဲ...။ (မှန်ပါဘုရား)။

လိုက်တတ်ရင်တော့...(ပျောက်သွားပါတယ်ဘုရား)။

မလိုက်တတ်ရင်တော့ဖြင့် ခြေကြီးပဲ၊ လက်ကြီးပဲ၊ ဆံပင်ပဲ၊ သွားပဲလို့ သုံးဆယ့်နှစ်ကောဋ္ဌာသတင် ပေါ်ချင်ပေါ်မယ်၊ သုံးဆယ့်နှစ်ကောဋ္ဌာသတောင် မပေါ်ပေဘူး၊ လူသဏ္ဌာန်၊ နတ်သဏ္ဌာန်၊ ပုံသဏ္ဌာန်၊ ယောကျ်ားသဏ္ဌာန်၊ မိန်းမသဏ္ဌာန် ဒါမလိုက်တတ်ရင်တော့ ပေါ်နေမှာပဲ...။ (ပေါ်မှာပါဘုရား)။

**သဏ္ဌာန်ပျောက်မှ လိုရင်းတွေ့မယ်**

လိုက်တတ်လို့ တစ်ခုတည်းကိုသာ စပြီးလိုက်,လိုက်လို့ရှိရင် တစ်ခုရှိရာ၊ ဝေဒနာရှိရာကိုသာ လိုက်၊ စိတ်ရှိရာ

http://www.thitsarparamisociety.com/


ကိုသာ လိုက်နေမယ်ဆိုလို့ရှိရင် သဏ္ဌာန်ပျောက်တယ်...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီဘုရား)။

အဲဒီသဏ္ဌာန် ပျောက်သွားမှသာလျှင် ဦးသံဒိုင်ရေ... လိုရင်းတွေ့မယ်...။ (မှန်ပါ့)၊ သဏ္ဌာန်မပျောက်ရင်... (မတွေ့ပါဘုရား)။

သဏ္ဌာန်မပျောက်ရင် လိုရင်း မတွေ့နိုင်ဘူးဆိုတာ ဒါ့ကြောင့် ဗောဓိချင်ကို့ ဟောတဲ့အခါကျတော့ **"ဘာဝိတာ ဗဟုလီကတာ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ဓေါကသသပ၊ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ"** ဟော...ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဆိုတာက တခြားမှ မဟုတ်ဘဲပဲ၊ သမ္မာဒိဋ္ဌိကိုဆိုတာ...။ (မှန်ပါ့)၊ သဘောကျ ပလား...။ (ကျပါပြီဘုရား)။

ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဆိုတာက...(သမ္မာဒိဋ္ဌိကိုဆိုတာ ပါ)၊ သမ္မာဒိဋ္ဌိ မဂ္ဂင်ကိုဆိုတာ...။ (မှန်ပါ့)၊ ဟိုမှာတော့ ဗောဇ္ဈင် လို့ သုံးလိုက်တယ်...။ (မှန်ပါ့)။

သုံးချင် သုံးပစေ...တဲ့၊ ဒါ ဘုရားဟာ ဒါ သုံးမှာပဲတဲ့၊ သူလဲ သိတတ်တဲ့ တရားမို့ ဗောဇ္ဈင်သုံးတာ...။ (မှန်ပါ့)။

"ဗုဇ္ဈတီတိဗောဓိ" ဆိုတဲ့အတိုင်း ဗောဓိပက္ခိယတရား ထဲကမို့ သူ့ကို ဗောဓိလို့သုံးတာ...။ (မှန်ပါ့)၊ နိဗ္ဗာန် ရောက်ကြောင်းတရားဖြစ်လို့ ဗောဓိလို့ သုံးလိုက်ပါတယ်၊ ဗောဓိဆိုတာ သိခြင်းကို ဆိုပါတယ်...။ (မှန်ပါ့)။

http://www.thitsarparamisociety.com/


အဲဒီမှာ "ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ ခေါ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယသံဝတ္တတိ"

"ဘာဝိတာ ဗဟုလီကတာ" ပါ,ပါနေတယ်...။ (မှန်ပါ့)၊ မပါဘူးလား...။ (ပါ,ပါတယ်ဘုရား)။

**သမ္မာဒိဋ္ဌိနဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင်နဲ့ အတူတူပဲ**

အဲဒီတော့ကို သမ္မာဒိဋ္ဌိနဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဆိုတာနဲ့ ဦးသံဒိုင် အတူတူပဲ...။ (မှန်ပါ့)၊ ရှင်းကြပလား...။ (ရှင်းပါပြီ)။

သမ္မာဒိဋ္ဌိနဲ့...(ဓမ္မဝိစယသမ္ဗောဇ္ဈင်နဲ့ အတူတူပါပဲဘုရား)။

ဘယ့်နှယ်ကြောင့် အဲဒါ ဟောရသတုံးဆိုတော့ သမ္မာဒိဋ္ဌိကတော့ကိုတဲ့၊ သမ္မာဒိဋ္ဌိဖြစ်ရင် ပြီးတာပဲလို့ ဟောလိမ့်မယ်တဲ့၊ ဗောဇ္ဈင်မထည့်လို့ရှိရင် ပွားဆိုတာ မပါဘူး...။ (မှန်ပါ့)၊ ရိပ်မိပလား...။ (ရိပ်မိပါပြီဘုရား)။

ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ(ပ) သံဝတ္တတိ၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

**မဂ္ဂင်ဟာ ပွားမှ ရတယ်**

ဒါဖြင့် သမ္မာဒိဋ္ဌိကိုလဲ သမ္မာဒိဋ္ဌိ မြင်ရုံကလေးနဲ့ ပြီးရဲ့လား၊ ပွားများရဦးမှာလား...။ (ပွားများရဦးမှာပါ

http://www.thitsarparamisociety.com/

ဘုရား)၊ ဗောဇ္ဈင်က သက်သေခံပစ်လိုက်တယ်...။ (မှန်ပါ့) သဘောကျပလား...။ (ကျပါပြီဘုရား)။

ဗောဇ္ဈင်က ဘာတဲ့ **"ဘာဝိတာ ဗဟုလီကတာ"** ဘာဝိတာဆိုတာ ပွားရမယ်၊ ဗဟုလီကတာဆိုတာ ကြိမ်ဖန်များစွာ... (မှန်ပါ့)၊ ဒါမှသာလျှင် အဘိညာယ တဲ့...၊ ထိုးထွင်းသိမယ်...။ (မှန်ပါ့)၊ သမ္ဗောဓာယတဲ့၊ သစ္စာကို သိလာလိမ့်မယ်...။ (မှန်ပါ့)၊ နိဗ္ဗာနာယတဲ့၊ နိဗ္ဗာန်ကို မြင်လာလိမ့်မယ်...။ (မှန်ပါ့)။

ကိလေသာငြိမ်းတဲ့ နိဗ္ဗာန်ကို မြင်လာလိမ့်မယ်ဆိုတော့ကို ဗောဇ္ဈင်ကို ဘယ့်နှယ်ကြောင့် မဂ္ဂင်နဲ့ တွဲဟောရပါလိမ့်မတုံးဆိုတော့ မဂ္ဂင်ဟာ ခင်ဗျားတို့ မပွားကောင်းဘူးလို့ ထင်နေမှာစိုးတဲ့အတွက် ဗောဇ္ဈင်နဲ့ တွဲဟောလိုက်တယ်...။ (မှန်ပါ့ဘုရား)၊ တူတူပဲ၊ ပညာက တစ်ခုတည်းပဲ...။ (မှန်ပါ့)၊ သမ္မာဒိဋ္ဌိဆိုတာလဲ ပညာပဲ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတာလဲ...(ပညာပါပဲ)၊ ပညာပဲဆိုတာ ပေါ်ကြပလား...။ (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘယ်အကျိုးငှာ မဂ္ဂင်ပြီး ဗောဇ္ဈင် ဘာဖြစ်လို့ ဟောပြန်ပါလိမ့်မတုံးဆိုတော့ မဂ္ဂင်ဟာ မပွားမှာစိုးတဲ့အတွက် ဗောဇ္ဈင်အဖြစ်နဲ့ ဟောလိုက်တော့ ပွားမှ ရတယ်ဟော့၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ဒါဖြင့် သမ္မာဒိဋ္ဌိ အကူအညီပေးလိုက်တဲ့ ပါဋ္ဌိတော်

http://www.thitsarparamisociety.com/


ပဲ...။(မှန်ပါ့)၊ အဲဒီတော့ မဂ္ဂင်လုပ်ရင် ဗောဓျှင်ပါပြီမှတ်...။ (မှန်ပါ့)။

မဂ္ဂင် အပြန်ပြန် အလှန်လှန်လုပ်ရင်...(ဗောဓျှင် ပါ,ပါပြီဘုရား)။

ဗောဓျှင်ပါသွားပြီဆိုတဲ့ဥစ္စာ နို့...ဘယ့်နှယ်ကြောင့် ဘုရား မဂ္ဂင်ရှစ်ပါး ဟောထားပြီးတော့ ဗောဓျှင်ကို ဘယ့် နှယ်ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ အရေးကြီး တယ်လို့ ဟောပြန်ပါလိမ့်မတုံးဆိုတော့ အို...မင်းတို့ မဂ္ဂင် က ကိလေသာဖြစ်ကြောင်း သိတယ်ကွ...ဗောဓျှင်က ပွား များကြောင့် သိတယ်...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်း ပါပြီဘုရား)။

ထိုးထွင်းသိပြီသကာလ ဓမ္မဝိစယ၊ ဓမ္မက=တရား၊ ဝိစယက=စိစစ်တာ၊ ဗောဓျှင်က=ပွားများတာ...။ (မှန်ပါ့)၊ တရားကို စိစစ်ပြီး ပွားများတယ်လို့ သိအောင်လို့ ဗောဓျှင် တစ်ခါ ဟောပြန်တယ်...။ (မှန်ပါ့)၊ သဘောပါကြပလား...။ (ပါ,ပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် ဩော်...သမ္မာဒိဋ္ဌိဟာ ဝိပဿနာ မဂ်မှာ တစ်ကြိမ်တည်းနဲ့ မပြီးနိုင်ဘူး၊ ဗောဓျှင်နဲ့ညှိကြည့်ရင် ပေါ်လာတယ်...။ (မှန်ပါ့)၊ နားလည်ကြပလား...။ (နားလည်ပါပြီဘုရား)။

http://www.thitsarparamisociety.com/

ဒါဖြင့် ဒကာ ဒကာမတွေ ဗဟုသုတရှိအောင်လို့သာ ဗောဇ္ဈင်နဲ့တွဲပြီး ပြောလိုက်ပါတယ်၊ ခင်ဗျားတို့ သမ္မာဒိဋ္ဌိ မဂ္ဂင်ကိုလဲ ပွားပါ...။ (မှန်ပါ့)။

ဘာလုပ်ကြရမယ်...။ (သမ္မာဒိဋ္ဌိမဂ္ဂင်ကို ပွားရပါ့မယ်ဘုရား)၊ သမ္မာဒိဋ္ဌိမဂ္ဂင်ကိုလဲ မပွားလို့ရှိရင် မရဘူး...။ (မှန်ပါ့)၊ ဘယ်အပေါ်မှာ ပွားရမတုံးဆိုတော့ ဝေဒနာရှုတဲ့ ပုဂ္ဂိုလ် ဝေဒနာပေါ်မှာပွား... (မှန်ပါ့)၊ စိတ်ရှုတဲ့ပုဂ္ဂိုလ်... (စိတ်ပေါ်မှာ ပွားရပါမယ်ဘုရား)၊ စိတ်ပေါ်မှာ ပွားလိုက် လို့ရှိရင် ရပါတယ်နော်...။ (မှန်ပါ့)။

**အချိန်ကုန်နေတယ်လို့ မယူလိုက်ပါနဲ့**

သို့သော်...ပွားနေတုန်းကို ငါဘုရား မင်းတို့ကို ပြောမယ်ဟော့...တဲ့...။ (မှန်ပါ့)၊ ငါဘုရား ပြောဦးမယ်တဲ့ မင်းတို့ကို၊ ပွားနေတာဟာ မင်းတို့ ခရီးမပေါက်သေးဘူး... တဲ့၊ ကျုပ်တို့ နိဗ္ဗာန်မမြင်သေးဘူး၊ ဒီဖြစ်ပျက်နဲ့ပဲ အချိန် ကုန်နေသေးတယ်လို့ ဒီလိုမယူလိုက်ပါနဲ့...။ (မှန်ပါ့)၊ ဒီလို မယူလိုက်ပါနဲ့...တဲ့၊ ဗောဇ္ဈင်အဖြစ်နဲ့ ပွားတဲ့သတ္တိကို ငါ ရှင်းပြမယ်ဆိုပြီးသကာလ ဘုရားပေးတဲ့ ဥပမာက လက် သမားကိုင်တဲ့ မန်ကျည်းနှစ်လက်ရိုက်ရိုးပေါ့လေ...။ (မှန်ပါ့)၊ အဲဒီ လက်ရိုက်ရိုးဟာ ဆောက်ကလေး အောက်ကထားပြီး၊

http://www.thitsarparamisociety.com/

လက်ရိုက်ရိုးကလေး ကိုင်,ကိုင်ပြီး နေ့တိုင်း သူတို့ ကျီးခွေတို့ ဘာတို့ ထွင်းရတာပေါ့ဗျာ...။ (မှန်ပါ့)၊ တစ်ချက်ရိုက် တစ်ခါစားတာပဲ...။ (မှန်ပါ့)။

ခုနင်က အရိုးကလေးကို လက်က တစ်ချက်ရိုက်ရင်...(တစ်ခါစားပါတယ်ဘုရား)၊ နှစ်ချက်ရိုက်တော့...(နှစ်ခါစားပါတယ်ဘုရား)။

## လက်ရိုက်ရိုးဥပမာ

ဒါဖြင့် အရိုးကလေးဟာ စားပါစေ ဆုတောင်းရတာလား၊ ကိုယ့်ရိုက်တဲ့အလုပ်,လုပ်တာနဲ့ပဲ ဒီအရိုးကလေးကို လက်က စားတာလား...။ (ရိုက်လို့စားတာပါဘုရား)၊ ဆုတောင်းနေလို့တော့ မစားဘူး...။ (မှန်ပါ့)၊ ဟော့... အရိုးကလေး ပါးပါစေ၊ ပါးပါစေဆိုတာတော့ မရဘူး...။ (မရပါဘုရား)၊ ရိုက်ပါများရင်တော့...(ပါးပါတယ်ဘုရား)။

တစ်ခါတည်း လက်ရိုက်ရိုးကလေးဟာ ပြောင်ချောလာပြီး လက်ချောင်းရာ၊ ဟောဒီလက်ချောင်းရာ တစ်ခါတည်း ထင်လာတယ်...။ (မှန်ပါ့ဘုရား)။

ဘယ့်နှယ်ကြောင့် ထင်ပါလိမ့်မတုံး မေးတဲ့အခါကျတော့မှတဲ့၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ မှတ်ရမှာက

http://www.thitsarparamisociety.com/

ဩော်...ရိုက်ပါများလို့ လက်က စားသွားတာ...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီဘုရား)။

ထို့အတူပဲတဲ့၊ ခင်ဗျားတို့ ဝိပဿနာလုပ်နေတာ လက်ရိုက်ကလေး ရိုက်သလိုပဲ၊ ခင်ဗျားတို့ ဘဝများစွာ သံသရာက ပါလာတဲ့ လက်ရိုက်ရိုးလိုပဲတဲ့၊ ဘယ်အခါမဆို ကိလေသာချေးတွေက ရှိပြီးသကာလနေတော့ ပြောင်မှု၊ လက်ချောင်း လက်ရာထင်မှု၊ လက်မရာ လက်ချောင်းရာ ထင်မှု မဖြစ်နိုင်ဘူးတဲ့...။ (မှန်ပါ့ဘုရား)၊ ကိလေသာ ထုက ကြီးသကိုးဗျ...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)။

ကိလေသာထုက ကြီးတော့ လက်ချောင်းရာ၊ လက်မရာ လက်ရိုက်ရိုး၌ မထင်နိုင်ဘူးတဲ့...။ (မှန်ပါ့)၊ ကိလေသာ ထုက မပွားလို့ရှိရင်ဖြင့်တဲ့၊ ပါးသွားတယ်လို့ ဆိုနိုင်ပါ့ မလား...။ (မဆိုနိုင်ပါဘုရား)။

ဒါဖြင့် ဝိပဿနာသည် ပွားတဲ့ကိစ္စ၏ အကျိုးဘာတုံး ဆိုတော့ ကိလေသာ ပါးခြင်းကိစ္စ ပြီးတယ်...။ (မှန်ပါ့ ဘုရား)။

ဝိပဿနာသည်...(ကိလေသာပါးခြင်းကိစ္စ ပြီးပါ တယ် ဘုရား)။

http://www.thitsarparamisociety.com/

**ကိလေသာပါးတာ ခရီးပေါက်နေတာ**

အဲဒါ စိတ်မပျက်ကြပါနဲ့လို့ သတိပေးလိုက်ပါတယ်နော်...။ (မှန်ပါ့ဘုရား)၊ စိတ်မပျက်ကြပါနဲ့...တဲ့၊ ခရီးတော့ ပေါက်နေတာပဲ...။ (မှန်ပါ့ဘုရား)၊ ဘာတုံး ကိလေသာ ပါးတဲ့ ဥစ္စာ ခရီးပေါက်နေတယ်...။ (မှန်ပါ့)။

ကိလေသာပါးတဲ့ ဥစ္စာ... (ခရီးပေါက်နေပါတယ်ဘုရား)။

ဘာဖြစ်လို့ ခရီးပေါက်ရသတုံးဆိုတော့ ပွားလွန်းလို့...(မှန်ပါ့)၊ ကိုယ်က အနိစ္စတစ်ချက်မြင်လိုက်၊ ကိလေသာက ပါးလိုက်...(မှန်ပါ့)၊ ကိုယ်က ဖြစ်ပျက်မြင်လိုက်... (ကိလေသာက ပါးလိုက်ပါဘုရား)၊ ကိလေသာပါးလိုက်ဆိုတော့ကို ဩော်...မြင်ဖန်များလို့ရှိရင်ဖြင့် အများကြီး ပါးလိမ့်မယ်...ဆိုတဲ့ အဓိပ္ပာယ် ရှင်းမသွားဘူးလား...။ (ရှင်းသွားပါတယ်ဘုရား)။

**ပါးသွားရင် ပဋိစ္စသမုပ္ပါဒ် မတန်းတော့ဘူး**

ပါးလို့ရှိရင် သူတို့သည်ကားလို့ဆိုရင် မှတ်လိုက်၊ ပဋိစ္စသမုပ္ပါဒ် မတန်းနိုင်တော့ဘူး...။ (မှန်ပါ့)။

ပါးသွားရင် ပဋိစ္စသမုပ္ပါဒ် မတန်းနိုင်ပါဘုရား)။

http://www.thitsarparamisociety.com/


ပဋိစ္စသမုပ္ပာဒ် မတန်းနိုင်တော့ဘူးတဲ့၊ ဥပမာ တဏှာကလဲ တဏှာကလဲ တဏှာ ပါးသွားပြီဆိုလို့ရှိရင် တဏှာ၊ ဥပါဒါန်၊ ကံဘက် သူ မသွားတော့ဘူး...။ (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)၊ အဝိဇ္ဇာကလဲ အဝိဇ္ဇာပါးသွားရင် "အဝိဇ္ဇာပစ္စယာ သင်္ခါရာ"ဘက် သူမသွားနိုင်ဘူး...။(မှန်ပါ့)၊ ဒေါသကလဲ ပါးသွားလို့ရှိရင် ဒေါသက "သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ အဝိဇ္ဇာ သင်္ခါရ" ဘက် သူ မသွားဘူး...။ (မသွားပါဘုရား)။

ဒါဖြင့် သူ မသွားနိုင်အောင်လို့ ပွားရပါတယ်...။ (မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပာဒ် မတန်းနိုင်အောင်လို့...(ပွားရပါတယ်ဘုရား)၊ ပွားရပါတယ်ဆိုတာ ဒကာ ဒကာမတွေ ရှင်းရောပေါ့...။ (မှန်ပါ့ဘုရား)။

ဘယ်လိုကြောင့် ပွားရသတုံး...။ (ပဋိစ္စသမုပ္ပာဒ် မတန်းနိုင်အောင် ပွားရပါတယ်ဘုရား)၊ ပွားရတယ်...။ (မှန်ပါ့)။

ပွားတော့ကို ဘယ့်နှယ်ကြောင့် သူတို့သည် မတန်းနိုင်သတုံးဆိုတော့ အို...ပါးပါး–ပါးပါးသွားပြီး ပျောက်ရတယ်...။ (မှန်လှပါဘုရား)။

http://www.thitsarparamisociety.com/


## ဝီရိယသမ္ဗောဇ္ဈင်

ပါးပါး–ပါးပါးပြီး...(ပျောက်ရပါတယ်ဘုရား)၊ အဲဒီတော့ ဘယ့်နှယ်ကြောင့် ဒါလောက် ပါးပါး–ပါးပါးသွားပါလိမ့်မတုံး...မေးရင် ဘယ့်နှယ်ဖြေကြမလဲ...။ (ပွားလွန်းလို့ပါဘုရား)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ ဘာဝိတာ ဗဟုလီကတာ" လို့ လာပြန်တယ်...။ (မှန်ပါ့)၊ ဝီရိယလဲ မင်းတို့ တစ်ကြိမ်တည်းနဲ့တော့ သွားမလုပ်နဲ့တဲ့၊ ဝီရိယလဲ ပွားပါဦးကွ...တဲ့ ဆိုတော့ မဂ္ဂင်ထဲလဲ သူဟာ သမ္မာဝါယာမ မဂ္ဂင်ပါပြီးသား...။ (မှန်ပါ့)၊ မပါဘူးလား...။ (ပါ,ပါတယ်ဘုရား)။

သို့သော်...မပွားဖြစ်မှာစိုးတဲ့အတွက် ဗောဇ္ဈင်ကနေပြီး သကာလ **"ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မာဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ"** ဝီရိယလဲ ပွားမှ ရမယ်တဲ့...။ (မှန်ပါ့ဘုရား)၊ သဘောကျပလား...။ (ကျပါပြီ)။

ပီတိဆိုတာ မဂ္ဂင်ထဲမှာတော့ သူ သီးသန့်သာ မပါတာ၊ သဟဇာတအဖြစ်နဲ့ ပါသွားပြီလို့ မှတ်လိုက်... (မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)။

**ပီတိသမ္ဗောဇ္ဈင်**

မဂ္ဂင်ရှစ်ပါးထဲတော့ ပီတိမပါ,ပါလားလို့ဆိုတော့၊ အို...ဒါ မဂ္ဂင်ရှစ်ပါး ခေါင်းဆောင်သာ ရွေးထားတာ...။ (မှန်ပါ)၊ ယှဉ်ဖော်ယှဉ်ဖက်အဖြစ်နဲ့တော့...(ပါ,ပါတယ် ဘုရား)၊ ပါနေပြီလို့ ဦးသံဒိုင် မှတ်လိုက်...။ (မှန်ပါဘုရား)၊ သဘောကျပလား...။ (ကျပါပြီ)။

ပါနေတော့ ပီတိသမ္ဗောဇ္ဈင်လဲ ဘာလုပ်ရမတုံး ဆိုလို့ရှိရင် ဝမ်းမြောက်ဝမ်းသာနဲ့ ခင်ဗျာတို့ ရှုနေရမယ်...။ (မှန်ပါ)၊ ဘယ်လောက် ဝမ်းမြောက်ရမှာတုံးမေးတော့ အို... ဝမ်းမြောက်တိုင်း, .ဝမ်းမြောက်တိုင်း၊ ရှုလို့ကောင်းတိုင်း, ရှုလို့ ကောင်းတိုင်း ပီတိ ပါနေပါတယ်...။ (မှန်ပါ ဘုရား)။

ရှုလို့ကောင်းတိုင်း, ကောင်းတိုင်း...(ပီတိပါနေ ပါတယ်ဘုရား)၊ ပီတိပါနေလို့ရှိရင်လဲ သူဟာ နိဗ္ဗာန်ရောက် စေတဲ့ ဗောဇ္ဈင် ဖြစ်သွားတာပဲ...။ (မှန်ပါ)၊ သဘောကျ ပလား...။ (ကျပါပြီ)။

အဲဒါက မဂ္ဂင်ထဲမှာ မပါဘြားသော်လဲ၊ ရှစ်ပါး ခေါင်း ဆောင်ထဲမှာ မပါဘြားသော်လဲ နောက်လိုက်အဖြစ်နဲ့ ပါတယ် လို့ ဆုံးဖြတ်ချက်ချပါ...။ (မှန်ပါဘုရား)။

http://www.thitsarparamisociety.com/


အကယ်၍ ပီတိဆိုတဲ့ နှစ်သက်မှုမပါဘဲနဲ့ ရှုနေပြန်လို့ရှိရင်လဲ ကောသဇ္ဇဆိုတဲ့ ပျင်းရိမှုက ဦးသံဒိုင် လာလိမ့်မယ်...။ (မှန်ပါ့ဘုရား)။

ကောသဇ္ဇဆိုတဲ့...(ပျင်းရိမှုလာမှာပါဘုရား)၊ ပျင်းရိမှုက လာလိမ့်မယ်ဆိုတာ သေသေချာချာမှတ်ထားပါ...။ (မှန်ပါ့)။

ဒါ့ကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးကလဲ့ စိတ်ချင်းယှဉ်ပြပြန်တယ်၊ ရှုစမ်းပါကွာ...ရှုစမ်းပါ၊ ပီတိဖြစ်အောင် ရှုစမ်းပါဆိုတဲ့ဥစ္စာ၊ ဒီအပေါ်မှာ မြင်နေရတဲ့ဥစ္စာ ဘယ်တော့မှ မမြင်ဖူးတာကို မြင်နေရတယ်ကွ၊ ဝမ်းမြောက်ဝမ်းသာနဲ့ ရှုစမ်းပါ...။ (မှန်ပါ့)၊ ရှင်းပလား...။ (ရှင်းပါပြီ)။

ခင်ဗျားတို့ ဘယ်တော့မှ မမြင်ဖူးတာ မြင်ရတယ်ဆိုတဲ့ဥစ္စာကို ဘုန်းကြီး ရှင်းပြမယ်၊ ကောင်းကင်မှာရှိတဲ့ ဗြဟ္မာကြီးတွေ ရှိပါတယ်တဲ့၊ ဗြဟ္မာ့ဘုံမှာ ဗြဟ္မာဟာ လူ့ပြည်က အပ်ကျတယ်ဆိုရင် ဗြဟ္မာမျက်လုံးနဲ့ ကြည့်လိုက်ရင် မြင်တယ်...။ (မှန်ပါ့)၊ ဘယ်နေရာမှာ ကျနေတယ်ဆိုတာ မြင်တယ်...။ (မှန်ပါ့)၊ တော်တော်မြင်တယ်ဆိုတော့ မိုင်ပေါင်း ကုဋေလေးရာလောက် ဝေးတဲ့နေရာက သူ့လှမ်းကြည့်တာ၊ သူ့မျက်လုံး အတော်ကောင်းတယ်လို့ မဆိုနိုင်ဘူးလား...။ (ဆိုနိုင်ပါတယ်ဘုရား)၊ သို့သော်လဲတဲ့ ဖြစ်ပျက်ကျတော့ သူ မမြင်ဘူး...။ (မှန်ပါ့ဘုရား)။

http://www.thitsarparamisociety.com/


ဖြစ်ပျက်ကျတော့...(မမြင်ပါဘုရား)။

ဟိုဟာက လောကီနဲ့ ကြည့်တာကိုးဗျ...။ (မှန်ပါ့)၊ ဒါက လောကုတ္တရာနဲ့ ကြည့်တာ...(မှန်ပါ့)၊ သဘောကျပလား...။ (ကျပါပြီ)။

ဒါ့ကြောင့် ခင်ဗျားတို့မြင်တဲ့အမြင်ဟာ ဗြဟ္မာ့အမြင်ထက် သာတယ်လို့ မှတ်လိုက်ပါ...။ (မှန်ပါ့)။

ဗြဟ္မာအမြင်ထက်...(သာပါတယ်ဘုရား)၊ ဗြဟ္မာအမြင်သည်ကားလို့ဆိုရင်၊ ပုထုဇဉ် ဗြဟ္မာသာဆိုရင်ဖြင့် မောင်သစ်တို့၊ ဦးသံဒိုင်တို့ လူ့ပြည်မှာ ဘာမဆို အကုန်မြင်နိုင်တယ်...။ (မှန်ပါ့)။

**ဗြဟ္မာ့ပြည်နဲ့ အကွာအဝေး**

အဝေးအကွာ မိုင်ဆိုတာတော့ ဒကာ ဒကာမတို့ အင်မတန် ဝေးကွာတယ်၊ တစ်ယူဇနာလောက်ရှိတဲ့ ကျောက်ဖျာကြီးတောင် တစ်လခွဲ နှစ်လလောက်ကျရတာ ဗြဟ္မာ့ပြည်က...(မှန်ပါ့)၊ ○ ဒါမှ ဒီအောက်ရောက်တယ်...။ (မှန်ပါ့)၊ မြေကြီးပေါ်ကို ဒါလောက် အရှိန်ပြင်းတာကြီးတောင်မှ တစ်လခွဲ နှစ်လကျရတယ် ဆိုသဖြင့် ဩော်... ဗြဟ္မာ့ပြည်ဟာ အတော်ဝေးပါလားဆိုတာ ပေါ်လာတယ်...။

---

○ မိလိန္ဒပဉှာ၌ ၃-လလောက် ကျရသည် ဟု ဆိုသည်။

http://www.thitsarparamisociety.com/


(မှန်ပါ)၊ အဲဒီကနေကြည့်တော့ ဒီမှာ အပ်ကျတာမြင်တယ်...။ (မှန်ပါ)၊ မမြင်ဘူးလား...။ (မြင်ပါတယ်ဘုရား)။

ဒါက ဘာတုံး၊ အသိဉာဏ် လောကီမျက်လုံးပါ...။ (မှန်ပါ)၊ သာသနာ့ပမျက်လုံး...(မှန်ပါ)၊ ရှင်းပလား...။ (ရှင်းပါပြီ)။

အဲဒါက သမာဓိတန်ခိုးကြောင့် ဗြဟ္မာဖြစ်ပြီး သမာဓိဦးစီးတဲ့ မျက်လုံး...(မှန်ပါ)၊ ဉာဏ်ဦးစီးမှ မြင်တဲ့မျက်လုံးနဲ့ မကွာဘူးလား...။ (ကွာပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့သည် တို့ မြင်နေတဲ့အမြင်ဟာ ဩော်...နတ်အမြင်၊ ဗြဟ္မာအမြင်တွေနဲ့ တယ်ကွာပါလား...။ (မှန်ပါ)၊ တယ်ကွာပါလား ဆိုတဲ့ဥစ္စာ ခုနင်က ဗြဟ္မာအမြင်၊ နတ်အမြင်တွေက လူ့ပြည်မှာ ဘာမဆို အကုန်မြင်တယ်...။ (မှန်ပါ)၊ ဗြဟ္မာကြီးတွေဟာ လူ့ပြည်က အပ်ကျတယ်ဆိုရင်၊ ဗြဟ္မာမျက်လုံးနဲ့ကြည့်လိုက်ရင် မြင်တယ်...။ (မှန်ပါ)၊ ဘယ်နေရာမှာကျနေတယ်ဆိုတာ မြင်တယ်...။ (မှန်ပါ)။

တော်တော်မြင်တယ်ဆိုတော့ မိုင်ပေါင်း ကုဋေလေးရာလောက် ဝေးတဲ့နေရာက သူ လှမ်းကြည့်တာ၊ သူ့မျက်လုံးတော်တော်ကောင်းတယ်လို့ မဆိုနိုင်ဘူးလား...။ (ဆိုနိုင်ပါတယ်ဘုရား)။

http://www.thitsarparamisociety.com/


## ဗြဟ္မာထက် သာတယ်

သို့သော်လဲတဲ့၊ ဖြစ်ပျက်ကျတော့ သူ မမြင်ဘူးတဲ့…။ (မှန်ပါ့)၊ ဖြစ်ပျက်ကျတော့…(မမြင်ပါဘုရား)၊ ဟိုဟာက လောကီနဲ့ ကြည့်တာကိုးဗျ…။ (မှန်ပါ့)။

ဒါက လောကုတ္တရာနဲ့ကြည့်တာ…။(မှန်ပါ့)၊ သဘော ကျပလား…။ (ကျပါပြီဘုရား)။

ဒါကြောင့် ခင်ဗျားတို့မြင်တဲ့ ဝိပဿနာအမြင်ဟာ ဗြဟ္မာအမြင်ထက်သာတယ်လို့ မှတ်လိုက်စမ်းပါ…။(မှန်ပါ့)။

အဲဒီတော့ ဒကာ ဒကာမတွေ ဗြဟ္မာအမြင်ထက် သာတဲ့၊ ဖြစ်ပျက်ကို မြင်နိုင်တဲ့ ဝိပဿနာဉာဏ် အမြင်ရ အောင် ကြိုးစား ပွားများကြ၊ အားထုတ်ကြပါလို့ ဆရာ ဘုန်းကြီးက တိုက်တွန်းတယ်…။ (မှန်ပါ့)။

## ကြိမ်ဖန်များစွာ ပွားများရမယ်

ဖြစ်ပျက်အဆုံးမြင်တဲ့၊ ကိလေသာငြိမ်းတဲ့၊ နိဗ္ဗာန်ကို မြင်တဲ့ ဉာဏ်အမြင်ရအောင် မဂ္ဂင်ဖောချွင်တွဲပြီး ကြိမ်ဖန် များစွာ ပွားများရမယ်…။ (မှန်ပါ့)။

နိဗ္ဗာန်မြင်တဲ့ ဉာဏ်ရအောင် ဘာလုပ်ရမတုံး…။

http://www.thitsarparamisociety.com/


(မဂ္ဂင်နဲ့ ဗောဇျှင် တွဲပြီး ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးအောင် ဝိပဿနာ ရှုရပါမယ် ဘုရား)၊ သဘောပါကြပလား…။ (ပါ,ပါပြီဘုရား)။

ကဲ…ယနေ့ ဒီတွင် တော်ကြဦးစို့…။

သာဓု…သာဓု…သာဓု…။